


အတွဲ (၅) အမှတ် (၁)　　　　၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ဒူးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲမှ ကောက်နုတ်ချက်



“မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့်ပြည်သူအချင်းချင်း ကူးလူးဆက်ဆံနိုင်ရေး တို့အတွက် ကိုဗစ်-၁၉ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ရန်ကုန်-ချန်ဒူး ခရီးသည်တင်လေကြောင်းလိုင်းများကို လည်းပြန်လည်ပြေးဆွဲနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း”

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်



“မိမိတို့နိုင်ငံသည်ခရီးသွားအရင်းအမြစ်ကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာရှိသည့်အပြင်ရှိရင်းစွဲခရီးသွားအရင်းအမြစ်များကိုစနစ်တကျရေရှည်တည်တံ့အောင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့်ခရီးစဉ်အသစ်များဖော်ထုတ်နိုင်ရန်လည်းအရေးကြီးကြောင်း၊”

# မာတိကာ


- နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၂၀၂၅ခုနှစ်၊ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြား — ၃
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း၏ (၂၀၂၅-၂၀၂၆) ခုနှစ် အတွက် တာဝန်ထမ်းဆောင်မည့် အလုပ်အမှုဆောင်များအားလက်ခံတွေ့ဆုံ — ၄
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဟိုတယ်များမှ မန်နေဂျာ/ ကြီးကြပ်ရေးမှူးများအတွက် ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား — ၄-၅
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီးရှိဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား — ၅
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ဟိုတယ်များမှတာဝန်ရှိသူများနှင့်တွေ့ဆုံ — ၅-၆
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော် ဟိုတယ်ဇုန်ရှိဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာမြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် — ၆-၇
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများလုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက် — ၇
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြင်ဦးလွင်ရုံးခွဲတွင်တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ — ၇-၈
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး — ၈
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားမြှင့်တင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ — ၈
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြစ်ကြီးနားမြို့ရှိဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ — ၈-၉
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များအားကြည့်ရှုစစ်ဆေး — ၉-၁၀
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး — ၁၀
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် — ၁၀-၁၁
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး — ၁၁
- ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက် — ၁၁-၁၂
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကလောမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကြည့်ရှုစစ်ဆေး — ၁၂
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ညောင်ရွှေမြို့ရှိ အားကစားကွင်းများအားကွင်းဆင်းကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့်တွေ့ဆုံ — ၁၂-၁၃
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ဟိုတယ်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး — ၁၃
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အားကစားကွင်း၊ အားကစားရုံများကြည့်ရှုစစ်ဆေး — ၁၃
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြရန် ဝိုင်းဝန်းပူးပေါင်းစီစဉ်ဆောင်ရွက် — ၁၄
- ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်ဆောင်ရွက်နိုင်ရေးကြည့်ရှုစစ်ဆေး — ၁၄
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ်မြို့၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့အထွေထွေညီလာခံနှင့် တိုးရိုက်စ်ခရီးသွားလုပ်ငန်းဆွေးနွေးပွဲတက်ရောက် — ၁၅-၁၆
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက် — ၁၆
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်ဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ — ၁၆-၁၇
- ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်ဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက် — ၁၇
- (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲသို့ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက် — ၁၇-၁၈
- ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံတွင်ကျင်းပြုလုပ်သည့် (၁၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ပါဝင်တက်ရောက် — ၁၈
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ — ၁၈-၁၉
- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ — ၁၉
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ — ၂၀
- နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ — ၂၀
- တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း
  - ရန်ကုန်တိုင်းဒေသကြီး — ၂၀-၂၂
  - မကွေးတိုင်းဒေသကြီး
  - ရှောဝတီတိုင်းဒေသကြီး — ၂၂-၂၃
  - တနင်္သာရီတိုင်းဒေသကြီး — ၂၃
  - ကယားပြည်နယ်
  - ရှမ်းပြည်နယ် — ၂၃-၂၄

**ရှေ့ဖုံးမှ**

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ၂၇ရက်နေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ၂၀၂၅ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။



ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်စတင်အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ကာ ၁၉၈၀ ပြည့်နှစ်မှ စတင်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့သည့်အတွက် ယခုနှစ်သည် ၄၅နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခု၂၀၂၅ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်မှာ “ခရီးသွား ကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့စဉ်ဆက်မပြတ် ဖော်ဆောင်စို့”၊ “Tourism and Sustainable Transformation" ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည်ကမ္ဘာ့နိုင်ငံများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ကမ္ဘာကြီးကို တည်ဆောက်ရန် တိုးတက်ပြောင်းလဲခြင်းများကို ဖော်ဆောင်ပေးနိုင်သည့် ကဏ္ဍတစ်ရပ် ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုများ၊ မဟာဗျူဟာမြောက်အစီအစဉ်များ၊ စေ့စပ်သေချာသည့် စောင့်ကြည့်ထိန်းကွပ်မှုများနှင့် တိကျရှင်းလင်းသည့် ဦးစားပေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ခရီးသွားလုပ်ငန်းသည်စီးပွားရေးကဏ္ဍတစ်ခုမျှသာမကဘဲပညာရေး၊ လူမှုရေး၊ယဉ်ကျေးမှုအလုပ်အကိုင်နှင့်အခွင့်အလမ်းသစ်များကိုပါဖန်တီးပေးလျက်ရှိရာအနာဂတ်မျိုးဆက်များအတွက်ကောင်းမွန်သည့် အကျိုးဆက်များရရှိအောင် ဆက်လက်ထိန်းသိမ်းပေးနိုင်ရန် လိုအပ်ကြောင်း နှင့်နိုင်ငံတကာအဆင့်အတန်းမီသည့်ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရန်စဉ်ဆက်မပြတ်လေ့လာသင်ယူနေကြရန်လည်းလိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ၊ တီထွင်ဆန်းသစ်မှုများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်အတွက်လည်းအခွင့်အလမ်းများစွာ ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ထို့ပြင်အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အစိတ်အပိုင်းများဖြစ်သည့်အတွက် ခရီးသွားများစိတ်ဝင်စားသည့် ထုတ်ကုန်များကို ချဲ့ထွင်၍ ရင်းနှီးမြှုပ်နှံကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက်ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စရပ်များတွင်ဖြေလျှော့မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပသည့် ခရီးသွားပြပွဲများတွင်မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းများပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်ဆောင်ရွက်ခြင်းများအပြင်ဒီဂျစ်တယ်နည်းပညာသုံးခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်းစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ခရီးသွားအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာရှိသည့် အပြင်ရှိရင်းစွဲ ခရီးသွားအရင်းအမြစ်များကို စနစ်တကျရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် ခရီးစဉ်အသစ်များဖော်ထုတ်နိုင်ရန်လည်း အရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများကိုလည်း လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများတွင် Green Energy အသုံးပြုမှုကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့တစ်ဝန်းနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်သကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကိုဖော်ဆောင်နိုင်ခြင်းကြောင့် ရှင်းလင်းတိကျသည့် ဦးစားပေးအစီအစဉ်များချမှတ်ပြီး နိုင်ငံတော်နှင့်ပြည်သူများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်ကိုတည်ဆောက်နိုင်ရန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ယင်းနောက် UN Tourism အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili ၏ သတင်းစကားရုပ်သံ video clip နှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်း အမျိုးအစားများအကြောင်း Video Clip ကို ပြသသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များနှင့် ဖက်စပ်ဟိုတယ်များ၊ ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအားဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်ခရီးသွားလုပ်ငန်းအမျိုးအစားများအလိုက်မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း၏ (၂၀၂၅-၂၀၂၆) ခုနှစ်အတွက် တာဝန်ထမ်းဆောင်မည့် အလုပ်အမှုဆောင်များအား လက်ခံတွေ့ဆုံ**




အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် နိုဝင်ဘာလ(၂၅) ရက်နေ့၊ နံနက်ပိုင်းတွင်နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နီလာခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း (MTM) ၏ (၂၀၂၅-၂၀၂၆) ခုနှစ် သက်တမ်းအတွက် တာဝန်ထမ်းဆောင်မည့်အလုပ်အမှုဆောင်များအားတွေ့ဆုံပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများနှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဦးကျော်မင်းထင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များပါဝင်တက်ရောက်ခဲ့ကြပါသည်။

ရှေ့ဦးစွာမြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက (၂၀၂၅-၂၀၂၆) ခုနှစ် သက်တမ်းအတွက် တာဝန်ယူဆောင်ရွက်မည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး အသင်းမှ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းအနေဖြင့် ခရီးသွားကဏ္ဍတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများ (Private Sector Reform Strategy) နှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတိုးတက်လာရေး (Private Sector Competitiveness Capacity) တို့တွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားဈေးကွက်ရရှိရေး မြှင့်တင်ဆောင်ရွက်ကြရာတွင် သမားရိုးကျနည်းလမ်းများအပြင် နည်းပညာများကိုပါ ပေါင်းစပ်အသုံးပြုရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများအပြင် အလားအလာရှိသောခရီးစဉ်ဒေသအသစ်များကိုပါ ဖော်ထုတ်မြှင့်တင်ကြရန် လိုအပ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့ခရီးသွားဈေးကွက်တွင် ဧည့်သည်များ စိတ်ဝင်စားမှုများပြားသည့် Authentic Experiences နှင့် Authentic Culture များကို အခြေခံ၍ ဆွဲဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရန် ရည်ရွယ်ပြီးမီဒီယာများနှင့်ခရီးသွားလုပ်ငန်းကဏ္ဍမှကိုယ်စားလှယ်များပါဝင်သည့်ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) များကိုလည်း စီမံဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ခရီးသွားကဏ္ဍအတွင်းပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာဈေးကွက်အခြေအနေများကို လေ့လာဆန်းစစ်သုတေသနပြုမှုများပြုလုပ်သွားကြရန်နှင့်လုပ်ငန်းများကိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီးJeng Phangနော်တောင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဟိုတယ်များမှ မန်နေဂျာ/ကြီးကြပ်ရေးမှူးများအတွက်ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား**





ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းရှိ ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားပြီး ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ၌ ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်များမှ မန်နေဂျာ/ ကြီးကြပ်ရေးမှူးအဆင့်ရှိ ဝန်ထမ်းများအတွက် ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ (၂၄) ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော် Aureum Palace ဟိုတယ်၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) မှတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား/ သင်တန်းသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များသို့လာရောက်တည်းခိုနေထိုင်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား ပြည့်စုံကောင်းမွန်သောအရည်အသွေးမြင့် ဝန်ဆောင်မှုများ စနစ်တကျ ပေးနိုင်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝန်ကြီးဌာနက စီစဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ဟိုတယ်များမှမန်နေဂျာ/ကြီးကြပ်ရေးမှူးအဆင့်ရှိ ဝန်ထမ်းများအနေဖြင့် ဟိုတယ်များ၏ မူဝါဒ၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရခြင်းအတွက်သာမက ဝန်ထမ်းများနှင့် ဧည့်သည်များအကြား ဦးဆောင်ချိတ်ဆက်ဆောင်ရွက်သူများဖြစ်သဖြင့် Supervisory Skills ရှိနေရန်လိုအပ်ပါကြောင်း၊ ၎င်းအပြင် မိမိတို့ ဟိုတယ်နှင့်ခရီးစဉ်ဒေသ၏ ပုံရိပ်ကိုမြှင့်တင်နိုင်ရန်အတွက်ကိုလည်း ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ယနေ့ ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေး သင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဖွင့်လှစ်ပို့ချပေးရခြင်း ဖြစ်ပါကြောင်း၊ မန်နေဂျာ/ ကြီးကြပ်ရေးမှူးအဆင့်ရှိ ဝန်ထမ်းများအနေဖြင့် မိမိတို့ဟိုတယ်သို့ လာရောက်တည်းခိုနေထိုင်ကြသည့် ဧည့်သည်များမှ စိတ်ကျေနပ်မှုရရှိပြီး တန်ဖိုးနှင့်ထိုက်တန်မှုရှိသော ဝန်ဆောင်မှု

များရရှိနေစေရေးအတွက် ကြိုးကြပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေး အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဧည့်သည်များ၏ လိုအပ်ချက်နှင့် စိတ်ကျေနပ်မှုအပေါ်တွင် များစွာအကျိုးသက်ရောက်မှု ရှိသည့်အပြင် ဧည့်သည်သစ်များကို ဆွဲဆောင်ရာတွင်လည်း အထောက်အပံ့ဖြစ်စေပါကြောင်း၊ ဟိုတယ်များ အနေဖြင့်လည်း ဝန်ကြီးဌာန မှလိုအပ်ချက်အရစီစဉ်ဖွင့်လှစ်ပေးလျက်ရှိသော သင်တန်းများသို့ မိမိတို့ဟိုတယ်များမှဝန်ထမ်းများအပြည့်အဝ ပါဝင်တက်ရောက်ကြရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊မန်နေဂျာ/ကြီးကြပ်ရေးမှူး အဆင့်ရှိဝန်ထမ်းများအနေဖြင့် မိမိတို့ဟိုတယ်၏ ဝန်ဆောင်မှုကောင်းမွန်ရေးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီးသင်တန်းသားများနှင့်စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ပါသည်။

## **ပြည်ထောင်စုဝန်ကြီး JengPhangနော်တောင် ရန်ကုန်တိုင်းဒေသကြီးရှိဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြား**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်လျက်ရှိသည့် မြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာလ (၁၀) ရက်နေ့လယ်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကမ္ဘာလှည့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများ၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများပါဝင် တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များမှ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများအား မြန်မာ့ရိုးရာသိုင်း သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းသည် မြန်မာ့သိုင်းပညာရပ်များ ပြန့်ပွားရေးအတွက်သာမက မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းတတ်စေနိုင်မည်ဖြစ်ပါကြောင်း၊မြန်မာရိုးရာယဉ်ကျေးမှုသင်တန်းများကိုနေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ညောင်ရွှေစသည့် ခရီးစဉ်ဒေသများမှာလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ပါဝင်တက်ရောက်ခဲ့ကြသူများအနေဖြင့်သင်တန်းမှ သင်ကြားခဲ့ရသည့်ဗဟုသုတများ၊ အတွေ့အကြုံကောင်းများအား မိမိတို့ပတ်ဝန်းကျင်နယ်ပယ်သို့ ဆက်လက်မျှဝေပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားပြီး သင်တန်းသားများအားသင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ကာ နည်းပြများအားဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပါသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်ကသင်တန်းမှ ထူးချွန်ဆုရသင်တန်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး သင်တန်းသားများက မြန်မာ့ရိုးရာ အခြေခံသိုင်းပညာဖြင့် သရုပ်ပြသခဲ့ပါသည်။

## **ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ**



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အဆင့်အတန်းများ မြင့်မားလာစေရေး၊ ဟိုတယ်ဝန်ထမ်းများ ကျွမ်းကျင်မှု အရည်အသွေးပြည့်မီစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အောက်တိုဘာလ (၃၁) ရက်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(နေပြည်တော်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အဓိကအုပ်ချုပ်ရေးမြို့တော် ဖြစ်သည့်အပြင်အဓိကခရီးစဉ်ဒေသကြီးများ တည်ရှိရာမြို့ကြီးဖြစ်သည့်အတွက် ဟိုတယ်များ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားကောင်းမွန်နေစေရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားများ၊ အစည်းအဝေးများကို လက်ခံကျင်းပပြုလုပ်လေ့ရှိပြီး ဧည့်ခံပွဲများ ကျင်းပပြုလုပ်ရာ၌ ဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ထားရှိသော ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံနှုန်းများနှင့်အညီ ပေးစွမ်းနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုပေးသော ဟိုတယ်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိနေရုံသာမကတစ်ကိုယ်ရည်သန့်ရှင်းမှု၊ ဝတ်စားဆင်ယင်မှုမှ အစစနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများအဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်များမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများနှင့် ဆက်စပ်သင်တန်းများကို အသင်းအဖွဲ့များနှင့်ပူးပေါင်း၍

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ဟိုတယ်များ မှတာဝန်ရှိသူများအနေဖြင့် မိမိတို့ဟိုတယ်ရှိဝန်ထမ်းများ ဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးသည့် ဝန်ဆောင်မှုနှင့်ဆက်စပ်သော သင်တန်းများသို့ ပါဝင်တက်ရောက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ဟိုတယ်များမှ အထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဟိုတယ်၏ ဝန်ဆောင်မှုကဏ္ဍရပ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် အနီးကပ်တာဝန်ယူဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း၊ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာစေရုံသာမက ဟိုတယ်များ၌ရှိရမည့် ဟိုတယ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများအား စံနှုန်းသတ်မှတ်ချက်များအတိုင်း စုံလင်မှုရှိနေစေရန်စီစဉ်ထားရှိကြရမည်ဖြစ်ပါကြောင်း၊မိမိတို့ဟိုတယ်များသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်တည်းခိုနေထိုင်ရေးမှာ ဧည့်ဝတ်ပျူငှာခြင်း၊ ဧည့်ဝန်ဆောင်မှုကောင်းမွန်ခြင်း၊ ဟိုတယ်များ၏ အပြင်အဆင်သန့်ရှင်းသာယာလှပမှုတို့နှင့်သက်ဆိုင်နေသည့်အတွက် တာဝန်ရှိသူများအနေဖြင့် အစဉ်တစိုက်ဂရုစိုက်ပြင်ဆင်နေကြရန်လိုအပ်ပါကြောင်း၊ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဟိုတယ်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ကြရာတွင် လုံခြုံရေးအသိသတိတို့ဖြင့် ဆောင်ရွက်ကြပြီး ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာစေရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဟိုတယ်များ၏ ဝန်ဆောင်မှုအရည်အသွေးများ မြင့်မားလာစေရန် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှသင်တန်းများ ဖွင့်လှစ်ပေးနေမှုအခြေအနေများ၊ဧည့်ခံကျွေးမွေးရေးဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းပြောကြားခဲ့ပါသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊တွေ့ကြုံနေရသည့်အခက်အခဲများ၊သင်တန်းများတက်ရောက်မှုအခြေအနေများ၊ ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာရေးအတွက် စီမံဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများကပေါင်းစပ်ဖြေကြားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာမြန်မာ့ရိုးရာသိုင်းသင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်

ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းဟိုတယ်ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများနှင့်ဆက်စပ်လုပ်ငန်းများ၌ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)၏ စီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ ဟိုတယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်လျက်ရှိသည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်း ဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ (၂၂) ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်(၁) ရှိတုံ့ဂပူရီဟိုတယ်၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်အမှာစကားပြောကြားပါသည်။



အဆိုပါ သိုင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့် ဟိုတယ်များမှလုံခြုံရေးဝန်ထမ်း သင်တန်းသားများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာ့ရိုးရာသိုင်းသင်တန်း ဖွင့်လှစ်ပေးခဲ့ခြင်းသည် အားကစားလှုပ်ရှားမှုအတွက်သာမက ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းတတ်ရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ရိုးရာယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်နိုင်ပြီး အနာဂတ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများအနေဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရုံသာမက စည်းကမ်းပြည့်ဝပြီးအတွေးအခေါ်ကောင်းများဖြင့် မိမိတို့၏လူမှုအသိုက်အဝန်းအတွက် အကျိုးပြုသော လူတော်လူကောင်းများဖြစ်အောင်လည်း ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ ပိုမိုတိုးတက်ဝင်ရောက်လာစေရေးအတွက်ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အဆင့်အတန်း၊ ဧည့်ဝတ်ဖော်ရွေပျူငှာမှုများရှိရန် လိုအပ်သကဲ့သို့ လာရောက်တည်းခိုနေထိုင်ကြမည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် စွမ်းဆောင်ရည်မြင့်မားသော လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းသည်လည်း အရေးပါသည့် ကဏ္ဍတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာသိုင်းသင်တန်းသို့ ပါဝင်တက်ရောက်ခဲ့ကြသည့် လုံခြုံရေးဝန်ထမ်းများအနေဖြင့် သင်တန်းမှ သင်ကြားခဲ့ရသည့် အတွေ့အကြုံကောင်းများအား ဆက်လက်မျှဝေပေးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရိုးရာသိုင်းပညာသင်ကြားခြင်းဖြင့် မိမိတို့၏ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို လက်တွေ့ အသုံးချထိန်းသိမ်းထားနိုင်ခြင်း၊ စည်းကမ်းကျင့်ဝတ်များနှင့်အညီ ခရီးသွားဧည့်သည်များအပေါ် ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်းစသည့် ဝန်ဆောင်မှုစွမ်းဆောင်ရည်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ရိုးရာသိုင်းပညာရပ်ကို အခြေခံပြီးလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးအတွက်သာမက လာရောက်တည်းခိုနေထိုင်ကြမည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ယုံကြည်မှုရရှိရေးအတွက်ကိုပါ ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာရပ်ဆက်လက် ပြန့်ပွားနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းမှထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဟိုတယ်များမှ ရောင်စုံမီးအလှဆင်ခြင်းတွင် ဆုရရှိကြသည့် ဟိုတယ်များအားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရိုးရာသိုင်း သင်တန်းဆင်း လုံခြုံရေးဝန်ထမ်းများမှ သိုင်းသရုပ်ပြမှုအစီအစဉ်များကို ကြည့်ရှုအားပေးခဲ့ကာ သင်တန်းသားများ၊ ဟိုတယ်များမှတာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ပါသည်။

အဆိုပါ မြန်မာ့ရိုးရာသိုင်းသင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများဖြင့် ရက်သတ္တပတ်(၄) ပတ်ကြာဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်နှင့် အင်းလေးဒေသများတွင် ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီးJeng Phangနော်တောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများလုပ်ငန်းခွင်အထောက်အကူပြုမြန်မာ့ရိုးရာသိုင်းပညာသင်တန်း ဖွင့်ပွဲကျင်းပ



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်း (ရန်ကုန်ဇုန်)၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ (၁၄) ရက်နေ့ မွန်းလွဲပိုင်းတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(ရန်ကုန်) ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးJeng Phangနော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများမှတာဝန်ရှိသူများ၊မြန်မာ့ရိုးရာသိုင်းသင်တန်းနည်းပြဆရာများနှင့်ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းသင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်တိုင်းတွင် ဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ပေးထားပါကြောင်း၊ ထိုသို့ခွဲဝေသတ်မှတ်ရာတွင် လုံခြုံရေးဌာန၏တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များရှိသလို လုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများနှင့် တာဝန်သတ်မှတ်ချက်များကိုလည်း သတ်မှတ်ထားရှိပေးထားပါကြောင်း၊ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေးဝန်ထမ်းများအနေဖြင့် လုံခြုံရေးအမြင်သတိရှိမှု၊ တစ်ကိုယ်ရည်စွမ်းဆောင်နိုင်မှုများနှင့် ပေါင်းစပ်ပြီး တာဝန်ထမ်းဆောင် ကြရမည်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းပညာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများပါဝင်တက်ရောက်ကြပြီး သင်တန်းအား ရက်သတ္တပတ်(၄)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချဆောင်ရွက်နေမှုအခြေအနေများအားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များသို့သွားရောက် ကြည့်ရှုစစ်ဆေးရာ ဟိုတယ်များမှတာဝန်ရှိသူများက ခရီးသွားရာသီအမီ အမြန်ဆုံးပြန်လည်ဖွင့်လှစ် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကြုံတွေ့နေရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးကလိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြင်ဦးလွင်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ



မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အောက်တိုဘာ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

ဦးစွာ ခရိုင်နှင့်မြို့နယ်ရုံးများမှ တာဝန်ခံအရာရှိများနှင့်ဝန်ထမ်းများကလုပ်ငန်းတာဝန်ထမ်းဆောင်မှု အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းစည်းကမ်းနှင့်အညီ နေထိုင်ကြရန်၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် မိမိတို့လုပ်ငန်းဘာသာရပ် (Subject) သာမက ဘာသာစကား (Language) နှင့် IT နည်းပညာများကို ဖြည့်ဆည်းထားကြရန်၊ လုံခြုံရေးကို အလေးဂရုပြုလိုက်နာဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသအား နိုင်ငံတော်က ခရီးသွားမြို့တော်၊အားကစားမြို့တော်၊ကျန်းမာရေးမြို့တော်၊ကော်ဖီမြို့တော်၊ စံပြမြို့တော်အဖြစ်ဖော်ဆောင်ရာတွင် မိမိတို့ဝန်ထမ်းများအနေဖြင့် ရောက်ရှိတာဝန်ထမ်းဆောင်သည့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ရသည့်လုပ်ငန်းများကို ဆန်းသစ်သည့်အတွေးအခေါ်များ၊အကြံဉာဏ်ကောင်းများပေးနိုင်ရန် အစဉ်အမြဲကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း

ပြောကြားပြီးရုံးတာဝန်ခံအရာရှိများနှင့်ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) တာဝန်ရှိသူများ နှင့် တွေ့ဆုံ ဆွေးနွေး**



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အောက်တိုဘာလ (၁၂) ရက်နေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ ဆိုင်ရာဟိုတယ်လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့၊ ရွှေနန်းထိုက်ဟိုတယ်တွင် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် မြန်မာနိုင်ငံ၏ ထင်ရှားသည့် တောင်ပေါ်အပန်းဖြေခရီးစဉ် နေရာတစ်ခုဖြစ်တဲ့အပြင် အေးမြသောရာသီဥတုနဲ့အတူ ပွင့်လန်းနေသည့် ပန်းမန်များ၊ သာယာလှပ သည့်တောတောင်ရေမြေသဘာဝအလှအပများ၊ တန်ခိုးကြီးသမိုင်းဝင်စေတီ များ၊ဒေသအစားအစာနဲ့အမှတ်တရလက်ဆောင်ပစ္စည်းများသည် ပြင်ဦးလွင် မြို့၏ ထူးခြားသည့်ခရီးသွားဆွဲဆောင်မှုများဖြစ်ပါကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Ecotourism)၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း (Cultural Tourism)၊ ဘာသာရေးခရီးသွားလုပ်ငန်း (Religious Tourism)၊ အနုပညာနှင့်ခရီးသွားလုပ်ငန်း (Art and Tourism)၊ အပန်းဖြေခရီးသွား လုပ်ငန်း (Leisure Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sport Tourism)၊ စွန့်စားခရီးသွားလုပ်ငန်း (Adventure Tourism)၊ ကျန်းမာရေး နှင့် အနားယူ ခရီးသွားလုပ်ငန်း (Health and Wellness Tourism)၊ သမိုင်းအမွေအနှစ် ခရီးသွားလုပ်ငန်း (Heritage Tourism)၊ လယ်ယာနှင့်တောင်သူဦးကြီး အခြေပြုခရီးသွားလုပ်ငန်း (Agro Tourism) များ ဆောင်ရွက်နိုင်တဲ့ ဒေသ တစ်ခုလည်း ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းတွေကို မိမိတို့ ခရီးသွားလုပ်ငန်းအတွက်အကျိုးရှိအောင်အသုံးချရန်လိုအပ်ပါကြောင်းမှာကြား ပြီးလုပ်ငန်းရှင်များ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် ပေါင်းစပ် ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ နှင့် Hotel Akimomi နှင့် ရွှေနန်းထိုက်ဟိုတယ် တို့ကို သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံ အထက် ပိုင်းခရီးသွားမြှင့်တင်ရေးအတွက်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင် များနှင့် တွေ့ဆုံ**

မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ် နေသော လုပ်ငန်းများမှ လုပ်ငန်းလုပ်ကိုင်နေသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကို အောက်တိုဘာလ (၂) ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့၊ Hotel Hazel အစည်းအဝေးခန်းမတွင်ကျင်းပပြုလုပ်ရာအားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွား လုပ်ငန်းဥပဒေနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသ ဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းကာ ခရီးသွား လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသ များအလိုက် ခရီးသွားဆွဲဆောင်ရာနေရာများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်း၊ ခရီးစဉ်နေရာအသစ်ဖော်ထုတ်ခြင်းများဆောင်ရွက်၍ ခရီးစဉ် အသစ်များရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ခရီးစဉ်ဒေသအချင်းချင်း တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ချိတ်ဆက်၍ ခရီးစဉ်လမ်းကြောင်း အသစ်များဖော်ထုတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့ဒေသရှိ ခရီးစဉ် ဆွဲဆောင်ရာနေရာများနှင့်ပတ်သက်သည့်သတင်းအချက်အလက်များ ကို ခရီးသွားများသိရှိစေရေး ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကိုဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုအပ်သည့်ဝန်ဆောင်မှုသင်တန်းများကို ဌာနနှင့်အသင်းအဖွဲ့များ ပူးပေါင်း၍ဖွင့်လှစ်ကြရန်နှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ လုပ်ငန်းလုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ ဆောင်ရွက်ပေးရန် အချက်များရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးစေလိုပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ တွင် ပြင်ဆင်သင့်သည့်၊ ဖြည့်စွက်သင့်သည့်အချက်များရှိပါကလည်း တင်ပြ ပေးကြရန် ပြောကြားပါသည်။

ထို့နောက် တက်ရောက်လာကြသူများမှ မေးမြန်းတင်ပြချက်များအပေါ် ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးရုံးခွဲမှညွှန်ကြားရေးမှူးတို့ကပြန်လည်ဖြေကြားဆွေးနွေးကြ ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြစ်ကြီးနားမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊လုပ်ငန်းရှင်များနှင့်တွေ့ ဆုံ**

နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး၊ပြည်နယ်များတွင် ခရီးသွားလုပ်ငန်း များစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာအားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်သည် စက်တင်ဘာလ (၃၀) ရက်နေ့၊ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၊ ပြည်နယ်ခန်းမ၌ ကချင်ပြည်နယ် အစိုးရအဖွဲ့

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ကချင်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာအခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပြည်နယ်ဌာနဆိုင်ရာ အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ပါသည်။




တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၂၃) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်၍ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ခရိုင်၊ မြို့နယ်အဆင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များကိုလည်းဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ ၊ ဒေသခံများ ပါဝင်ပြီးလက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ဖွဲ့စည်းဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ကချင်ပြည်နယ်သည် သဘာဝအလှအပများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များပေါကြွယ်ဝပြီး တိုင်းရင်းသားမျိုးနွယ်စုများဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများ၊ ခရီးသွား ဆွဲဆောင်ရာနေရာများစွာ ပိုင်ဆိုင်ထားရှိသဖြင့် အဆိုပါ အရင်းအမြစ်များကို အသုံးချပြီးခရီးသွား လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားဧည့်သည် ပိုမိုတိုးတက်ဝင်ရောက်လာရေး ဆောင်ရွက်သလို ပြည်တွင်းခရီးသွားဧည့်သည်များပိုမိုလည်ပတ်နိုင်စေရန်လည်းကြိုးစားဆောင်ရွက်နေပြီးလုပ်ငန်းရှင်များကလည်း ပြည်တွင်းခရီးသွားဈေးကွက်ရရှိရေးကိုပါ မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာပါကဝန်ဆောင်မှုကောင်းများပေးနိုင်ရေးအဆင်သင့်ဖြစ်နေစေရေးအတွက် ပြင်ဆင်ကြိုးစား ဆောင်ရွက်ထားကြရန်လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းမှာ ဒေသခံအလွှာစုံကိုဝင်ငွေရစေပြီး ဒေသခံများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသည့်အတွက် ကချင်ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ၊ ခရီးလှည့်လည်ရေးလုပ်ငန်းများ နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းများအနေဖြင့် ထုတ်ပြန်ထားသောဥပဒေ၊နည်းဥပဒေ၊အမိန့်ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ပြီးတည်းခိုသောဧည့်သည်များလုံခြုံရေးအတွက် လိုအပ်သည်များကို ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူ လုပ်ငန်းရှင်များ၏ ဆောင်ရွက်ပေးစေလိုသည့်တင်ပြချက်များအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန်က ပြန်လည်ရှင်းလင်းဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ဟိုတယ်များအားကြည့်ရှုစစ်ဆေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားရာသီအမီ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အသင့်ဖြစ်နေစေရေး၊ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအနေဖြင့် ပြုပြင်မွမ်းမံမှုများပြုလုပ်ပြီး အမြန်ပြန်လည်ဖွင့်လှစ်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် သည် စက်တင်ဘာလ (၂၉) ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ဟိုတယ်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလည်ပတ်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများက ငလျင်ဒဏ်သင့်အဆောက်အဦ၊ အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးမှု၊ ပြင်ဆင်ပြီး အခန်းများတွင် ဧည့်သည်များလက်ခံပြီး လုပ်ငန်းများဆောင်ရွက်နေမှု၊ ဟိုတယ်များသို့ဧည့်သည်များ ပိုမိုလာရောက်တည်းခိုကြရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့်ဆောင်ရွက်ပေးစေလိုသည်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း၌အထင်ကရခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများစွာရှိသည့်အတွက်ခရီးသွားရာသီအမီဟိုတယ်လုပ်ငန်းများကိုအဆင်သင့်ပြင်ဆင်ထားရှိရေး၊ ဟိုတယ်များအနေဖြင့် ပြည်ပခရီးသွားဈေးကွက် သာမကပြင်တွင်းခရီးသွား ဈေးကွက်ကိုဦးတည်၍ ဆောင်ရွက်ကြရေး၊ ငလျင်ဒဏ်သင့်ဟိုတယ်အဆောက်အဦ၊ အခန်းများ၊ ခန်းမများအား ပြင်ဆင်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီပြင်ဆင်ကြရန်နှင့်ဟိုတယ်သို့ လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များထားရှိရေး၊ ဟိုတယ်ဝန်ထမ်းများကိုလည်း အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်အောင် သင်ကြားလေ့ကျင့်ပြီး ဝန်ဆောင်မှု အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ကြရေး၊ ဟိုတယ်များတွင် ဧည့်သည်များကို ဆွဲဆောင်သည့် အစီအစဉ်များ ဖန်တီးဆောင်ရွက်ရေး၊ မကြာမီပွင့်လင်းရာသီ ရောက်တော့မည်ဖြစ်၍ မီးဘေးလုံခြုံရေးအတွက် အထူးဂရုပြုပြီး ကြိုတင်ကာကွယ်ရေး အစီအမံများကို ပြည့်စုံစွာဆောင်ရွက်

ကြရေး၊ ဟိုတယ်များအနေဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန် သန့်ရှင်းသာယာလှပရေးကို အမြဲမပြတ်ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များအား ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် စက်တင်ဘာလ (၂၂)ရက်နေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အဆင့်မြင့်အရာရှိကြီးများ လိုက်ပါ၍ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များမှ လျှင်ဒဏ်သင့်ဟိုတယ် အဆောက်အဦနှင့်အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေများ၊ဧည့်သည်လက်ခံနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်ဧည့်သည်များအားဝန်ဆောင်မှုပေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ရေးဦးစွာ ဟိုတယ်များမှအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက ဟိုတယ်အတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျှင်ဒဏ်သင့်အဆောက်အဦ၊ အခန်းများအားပြုပြင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများ၊ထိခိုက်ပျက်စီးမှုမရှိသည့် အဆောက်အဦ၊ အခန်းများ၌ဧည့်သည်များ လာရောက်တည်းခိုနေထိုင်နိုင်အောင်ဖွင့်လှစ်ထားရှိမှုအခြေအနေများနှင့်လုပ်ငန်းလည်ပတ်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လျှင်ဒဏ်သင့်ဟိုတယ်၊အဆောက်အဦများ အားပြုပြင်မွမ်းမံဆောင်ရွက်ကြရာတွင် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရေး၊ ပြင်ဆင်ဆဲအဆောက်အဦများ၊ အခန်းများအားဆောနိုင်သမျှဆောလျှင်စွာပြီးစီးအောင်ဆောင်ရွက်ကြရေးနှင့် အရည်အသွေးပြည့်မီစေရေး၊ ခရီးသွားရာသီမတိုင်မီအဆင်သင့်ဖြစ်စေရေးနှင့်ရာနှုန်းပြည့်ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားကြရေး၊ ဟိုတယ်များသို့လာရောက်တည်းခိုသည့် ဧည့်သည်များအား မိမိတို့ဟိုတယ်များတွင် စိတ်အေးချမ်းမြေ့စွာ ရက်ရှည်တည်းခိုနေထိုင်ကြရေးအတွက် ဟိုတယ်ဝင်းအတွင်းဆွဲဆောင်မှုရှိသော အပြင်အဆင်များကို ဖန်တီးဆောင်ရွက်ကြရေး၊ ဟိုတယ်များရှိအခန်းအမျိုးအစား၊ အဆင့်အတန်းများအလိုက်ပါရှိရမည့် ဟိုတယ်သုံးနှင့်ဆက်စပ်ပစ္စည်းများပါရှိစေပြီး ဝန်ဆောင်မှုကောင်းများဖြင့်အဆင့်မီဟိုတယ်များဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတကာအစည်းအဝေးများနှင့်အခမ်းအနားများကို လက်ခံကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ကြရေး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုး တိုးတက်လာရေးအတွက် ဟိုတယ်များမှ တာဝန်ရှိသူအဆင့်ဆင့်တို့မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်များတွင် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနားများကို အဆင့်အတန်းမီစွာ လက်ခံကျင်းပနိုင်ရေးအတွက် ဟိုတယ်ခန်းမများအားအဆင့်မြှင့်တင်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ရိုးရာကိုယ်ခံပညာနှင့်မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်



နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန် (၁) ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာသိုင်းနည်းပြများနှင့် ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းသင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်သည့် ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းသင်တန်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များတွင်လုံခြုံရေးအဓိကတာဝန်ယူထမ်းဆောင်နေကြသည့်ဝန်ထမ်းများအတွက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး ရန်ကုန်နှင့်မန္တလေးမြို့များတွင် ဆက်လက် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ရိုးရာကိုယ်ခံပညာနှင့် မြန်မာ့သိုင်းပညာရပ်သည် ကျန်းမာရေးအရလည်း ကိုယ်ခန္ဓာကျန်းမာ သန်စွမ်းမှုရရှိစေနိုင်သည့်အပြင်မိမိကိုယ်ကိုလုံခြုံမှု၊ လျင်မြန်ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်ကောင်းမွန်မှု၊ ဆုံးဖြတ်ချက်မှန်ကန်စွာချမှတ်နိုင်မှု၊ အပြန်အလှန်လေးစားမှုစသည့် အကျိုးကျေးဇူးများကိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊သင်တန်းသားများအနေဖြင့် ကိုယ်ခံပညာကို စနစ်တကျတတ်မြောက်ထားခြင်းဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကိုယုံကြည်မှုရှိရှိနှင့်ပြည့်ပြည့်ဝဝတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာရပ်ဆက်လက်ပြန့်ပွားနိုင်ရေးအတွက်အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းတိုက်တွန်းပြောကြားပြီး ရိုးရာကိုယ်ခံပညာနှင့်မြန်မာ့သိုင်းသင်တန်းနည်းပြများအား ချီးမြှင့်ထောက်ပံ့ငွေနှင့် အမှတ်တရလက်ဆောင်များပေးအပ်သည်။

အဆိုပါသင်တန်းသို့နေပြည်တော်ပြည်ထောင်စုနယ်မြေဟိုတယ်ဇုန်အတွင်းရှိ ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းများ တက်ရောက်ကြပြီး ရက်သတ္တပတ်လေး ပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များကို လှည့်လည်ကြည့်ရှု စစ်ဆေး



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များမြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများနှင့်ခရီးသွားဆွဲဆောင်ရာနေရာ များကိုပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရေးနှင့် ခရီးသည်များလုံခြုံ စိတ်ချစွာသွားလာလည်ပတ်နိုင်ရေးတို့အတွက်ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက် လျက်ရှိရာ ဟိုတယ်များတွင် လာရောက်တည်းခိုနေထိုင်သည့် ခရီးသွား ဧည့်သည်များကို ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရန်နှင့် ရန်ကုန်မြို့ရှိ ဟိုတယ်လုပ်ငန်းများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် စက်တင်ဘာလ ၁ ရက်နေ့၊ နေ့လည်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များမှ တာဝန်ရှိသူများ က ဧည့်သည်လာရောက်တည်းခိုမှု အခြေအနေများနှင့် ဝန်ဆောင်မှုပေးနေမှု အခြေအနေများ၊ကဏ္ဍအလိုက်ဟိုတယ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို စနစ်တကျ လိုက်နာ၍ နိုင်ငံတကာ စံချိန်စံညွှန်း နှင့်အညီ ခရီးသည်များကိုဝန်ဆောင်မှုကောင်းများ ပေးနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန်၊ ဟိုတယ်ဝန်ထမ်းများကိုလည်း အရည်အသွေး ပြည့်ဝ သည့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်အောင် စနစ်တကျလေ့ကျင့်သင်ကြား၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက် ကြရန်၊ မီးဘေးလုံခြုံရေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိအောင်ဆောင်ရွက်ထားကြရန်၊ဟိုတယ်၏အတွင်း အပြင်သန့်ရှင်းရေး၊ မြင်ကွင်းပသာဒကောင်းမွန်ရေးနှင့် မြေယာရှုခင်းများ သာယာလှပမှုရှိစေရေးတို့ကိုစီမံဆောင်ရွက်ကြရန်၊သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊အမှိုက်ပုံးများ ကိုစနစ်တကျထားရှိရန်နှင့် မြန်မာနိုင်ငံ၏ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ပါသည်။

## ၂၀၂၅ခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်




ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့်ပါဝင်ဖွဲ့စည်းထားသော ကုလသမဂ္ဂခရီး သွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ်စက်တင်ဘာလ ၂၇ ရက်ကို “ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့”အဖြစ် သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများက ယင်းနေ့ တွင် အခမ်း အနားများကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စက်တင်ဘာ လ ၂၇ ရက်နေ့ တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပြီး ၎င်းနေ့ အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲအခမ်းအနားအား စက်တင်ဘာ ၁၀ ရက် နေ့၊ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်း ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ Nay Pyi Taw State Academy မှ ခေတ္တပါမောက္ခချုပ်၊ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ ပညာရေးဝန်ကြီးဌာနတက္ကသိုလ်နှင့်ကောလိပ်များမှ သဘာပတိ အဖွဲ့ဝင်များ၊ စာတမ်းပါဝင်ဖတ်ကြားမည့်သူများ၊ ဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများတက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများက အွန်လိုင်းမှ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အခမ်းအနားများကိုနှစ်စဉ် ကျင်းပပြုလုပ်ရခြင်းမှာ ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုအပေါ်အကျိုးသက်ရောက်မှု၊လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အကျိုးသက်ရောက်မှုတို့ကို သိရှိနားလည်သဘောပေါက်စေရန်ရည်ရွယ် ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာယခုနှစ် (၁၄)ကြိမ် ရှိပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့်နှစ်အလိုက်ဆောင်ပုဒ်များကိုသတ်မှတ်ပေးလေ့ရှိပြီးယခုနှစ်အတွက် ဆောင်ပုဒ်မှာ “Tourism and Sustainable Transformation” “**ခရီးသွား ကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့စဉ်ဆက်မပြတ်ဖော်ဆောင်စို့**” ဟုအဓိပ္ပာယ်ဖွင့်ဆိုထား ရှိကြောင်း။

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံး ပြိုင်ပွဲ၊ဆောင်းပါးပြိုင်ပွဲ၊ ရောင်စုံဓါတ်ပုံပြိုင်ပွဲနှင့်စာတမ်းဖတ်ပွဲများကို စီစဉ် ကျင်းပလျက်ရှိကြောင်း၊ယနေ့ကျင်းပပြုလုပ်သောစာတမ်းဖတ်ပွဲသို့ပညာရေး ဝန်ကြီးဌာနလက်အောက်ရှိတက္ကသိုလ်နှင့်ကောလိပ်များမှဆရာ၊ ဆရာမများ၊

မဟာဘွဲ့သင်တန်းသားများ၊ ဝန်ကြီးဌာနမှ အရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များပါဝင် ဖတ်ကြားသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့မှ ခေတ္တပါမောက္ခချုပ်က စာတမ်းဖတ်ပွဲနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ အမှတ်ပေး အစီအစဉ်များအား ရှင်းလင်းပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီ ကောလိပ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ စာတမ်းရှင်များက ခရီးသွားကဏ္ဍ ဆိုင်ရာစာတမ်းများကိုဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြပါသည်။ ယင်းနောက် စာတမ်းဖတ်ပွဲ သဘာပတိအဖွဲ့ဝင်များကဖတ်ကြားခဲ့သည့်စာတမ်းများအပေါ်ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားခဲ့ကြပါသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲအား ၁၁-၉-၂၀၂၅ ရက်နေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကလောမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကြည့်ရှုစစ်ဆေး



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၉ ရက်နေ့၊ နံနက်ပိုင်းတွင် ကလောမြို့၏ ထင်ရှားသော ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် နန်းသဲကျေးရွာရှိ Kalaw Glamping Adventure Tourism Site ဧရိယာအတွင်းရှိ စွန့်စားခရီးသွားလုပ်ငန်း၊ စခန်းချတည်းခိုနေထိုင်ခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်း၊ အပန်းဖြေခရီးသွားလုပ်ငန်း၊ ကြိုးတန်းလျှောစီးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လူငယ်ခရီးသွားလုပ်ငန်း (Youth Tourism)၊ တောင်တန်းဒေသခရီးသွားလုပ်ငန်း (Mountaineering Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sports Tourism)၊ တောတွင်းခရီးသွားလုပ်ငန်း (Jungle Tourism) တို့ကိုပါ တွဲဖက်ဖော်ဆောင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်တွင်း၊ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြစေရန် ဈေးကွက်မြှင့်တင်ကြိုးစားကြရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနပိုင်ဌားရမ်းထားသော Kalaw Heritage Hotel ၌ ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကလောမြို့ကို ခရီးသွားမြို့တော်ဖြစ်စေရန် ပိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ရှိ နှစ်ထပ်စာသင်ကျောင်းဆောင်၌ ဆရာ၊ဆရာမများက Grade-11 ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးနေမှုနှင့်ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ၊ ဘောလုံးအားကစားကွင်း၊ ဂျူဒို အားကစားခန်းမ၊ တိုက်ကွမ်ဒိုအားကစားခန်းမ၊ ပင်မနှစ်ထပ်ဆောင်ရှိ ရုံးခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ဆေးပေးခန်းနှင့်စက်ပစ္စည်း အခြေအနေ၊ ဆေးကုသရာတွင် ဆရာဝန်နှင့်သူနာပြုအင်အားလုံလောက်စွာထားရှိပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားရန်နှင့် 50 KW Solar Hybrid System တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကိုမှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းခရိုင်အားကစားကွင်း၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ဂိုးတိုင်၊ ကော်နာတိုင်များ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရေလုံလောက်မှုရှိစေရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုနှင့် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျသွယ်တန်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ်အားကစားကွင်း၌ ကျင်းပသည့် တပ်ကုန်းမြို့နယ်ကျောင်းပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စံပြအလယ်တန်းကျောင်းခွဲအသင်းနှင့် MRTV အထက်တန်း ကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ညောင်ရွှေမြို့ရှိ အားကစားကွင်းများအားကွင်းဆင်းကြည့်ရှုပြီးဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့်တွေ့ဆုံ



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် စက်တင်ဘာလ ၈ ရက်နေ့၊ နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့် ဟူပင်ဟိုတယ်၌တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် စီးပွားရေးရာ ဝန်ကြီး ဦးခွန်သိန်းမောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးကခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်အရည်အသွေးရှိသောလူ့စွမ်းအားအရင်းအမြစ်များကိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးပြန်လည်ပြုပြင်မွမ်းမံ၍ ဧည့်သည်များလက်ခံနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင် မွမ်းမံဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲ

များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက် ညောင်ရွှေမြို့ရှိဝန်ကြီးဌာနမှငှားရမ်းထားရှိသည့်ဟိုတယ်များ၏ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ တည်းခိုနေထိုင်ရေးအတွက်ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသတင်းနှင့်ပြန်ကြားရေးကောင်တာ၌ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ၊ ခရီးသွားလမ်းညွှန်မြေပုံများနှင့်စာအုပ်၊စာစောင်များစီစဉ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကိုမှာကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတောင်ကြီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက်ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်း ဒေသကြီးမိတ္ထီလာခရိုင်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့်ဟိုတယ်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၇ ရက် နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာခရိုင်အားကစားကွင်း၌ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေးနှင့်သတ်မှတ်အရည်အသွေးပြည့်မီစေရေး စနစ်တကျ စိစစ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်မှာကြားခဲ့ပါသည်။

ထို့နောက် မိတ္ထီလာကန်ပေါင်ရှိ ကရဝိက်ကန်ပေါင်တံတားထိပ်၊ ရပ်တော်မူဘုရားရှေ့၊ မိတ္ထီလာကန် View Point နှင့် ဝန်ဇင်းကန်ပေါင်မြောက်ဘက်ထိပ်နေရာများ၌ အများပြည်သူ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးအတွက် Outdoor Fitnessများ တပ်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ ကလောမြို့နယ်အားကစားကွင်း၌ အသက် ၁၇ နှစ်အောက် ကျောင်းပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ တောင်ကြီးမြို့၊ ရွှေညောင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ နှစ်ထပ်ပွဲကြည့်စင်နှင့်ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့ပြင်မိတ္ထီလာမြို့ရှိနိုင်ငံပိုင်ငှားရမ်းထားသောဟိုတယ်များလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဟိုတယ်များအနေဖြင့် ဟိုတယ်ဆိုင်ရာစံသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့်ဝန်ဆောင်မှုအဆင့်တန်းမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ အားကစားကွင်း၊ အားကစားရုံများ ကြည့်ရှုစစ်ဆေး



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၆ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ပြင်ဦးလွင်ခရိုင် အားကစားကွင်းကြံ့ခိုင်မှုအခြေအနေ၊ တင်းနစ်ကွင်း၌ တင်းနစ်အားကစားသမားများ လေ့ကျင့်နေမှုနှင့်တိုက်ကွမ်ဒိုအားကစားရုံ၌ မျိုးဆက်သစ် တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် အားကစားကွင်း၌ ၂၀၂၅ -၂၀၂၆ ခုနှစ် ကိုယ်ပိုင်ကျောင်းများ၏ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲမှုလတန်းအဆင့်အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်းကြည့်ရှုအားပေးပြီးလိုအပ်သည်များကိုထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုအားကစားကွင်း၊ မိုးလုံလေလုံ အားကစားရုံနှင့် နှစ်ထပ်ပွဲကြည့်စင်များ ကြံ့ခိုင်မှုအခြေအနေ၊ ရေလိုင်း၊ မီးလိုင်းများ သွယ်တန်းထားရှိမှု၊ ရေစင်တည်ဆောက်ထားရှိမှုနှင့် မြက်ဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ မြို့နယ်အားကစားတာဝန်ခံထံ ကျောပိုးမြက်ဖြတ်စက်နှင့် လက်တွန်းမြက်ဖြတ်စက်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင်ငှားရမ်းထားသည့် ဟိုတယ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်အဆောက်အအုံများ၊ အခန်းများမွမ်းမံ ပြင်ဆင်ထားရှိမှု၊ ဧည့်သည်များလာရောက်တည်းခိုနေထိုင်နေမှု၊ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သန့်ရှင်းသာယာလှပရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်မြို့ကို ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ပန်းမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြရန် ဝိုင်းဝန်းပူးပေါင်းစီစဉ်ဆောင်ရွက်



မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး၊ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ရက်နေ့၊ မွန်းလွဲပိုင်းတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် စီးပွားရေးရာဝန်ကြီး၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနပိုင်ငှားရမ်းဟိုတယ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်များမှ တာဝန်ရှိသူများ၏တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း၌ အထင်ကရခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများစွာ ရှိသည့်အတွက် ပွင့်လင်းရာသီကာလ ခရီးသွားရာသီအမီ ဟိုတယ်လုပ်ငန်းများ ယခုထက်ပိုမိုလည်ပတ်နိုင်ရန် တာဝန်ရှိသူများက ကြိုးစားကြရေး၊ မန္တလေးမြို့သို့ ပြည်တွင်းပြည်ပခရီးသွားများပိုမိုလာရောက်လည်ပတ်ကြရန် ဝိုင်းဝန်းပူးပေါင်း စီစဉ်ဆောင်ရွက်ကြရေး၊ ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံ၊ အခန်းများ၊ ခန်းမများကို ပြင်ဆင်ရာတွင် သတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ပြင်ဆင်ကြရေး၊ ဟိုတယ်သို့လာရောက်တည်းခိုသည့် ဧည့်သည်များအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များ ပြင်ဆင်ထားရှိရေး၊ ဟိုတယ်များမြို့တော်အင်္ဂါရပ်နှင့်ညီညွတ်မှုရှိသောမြေယာရှုခင်းသာယာလှပရေးအတွက်ကိုပါထည့်သွင်းစဉ်းစားဆောင်ရွက်ကြရေးတာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

ဆက်လက်၍ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်အကောင်အထည်ဖော်နိုင်ရေး၊ မန္တလေးမြို့ရှိ ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများသို့ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာသွားရောက်လည်ပတ်နိုင်ရေး၊ ခရီးသွားဆိုင်ရာသတင်းအချက်အလက်များနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ရေး၊ ငလျင်ကာလအလွန် ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်လုပ်ကိုင်နိုင်ကြရေး၊ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းရှိလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ဆောင်ရွက်နိုင်ရေး တို့ကိုတိုက်တွန်းမှာကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက အသင်းအဖွဲ့များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များကိုမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁ ရက်နေ့၊ နံနက်ပိုင်းတွင် ငလျင်ကာလအလွန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစဉ် ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှုထိခိုက်ပျက်စီးမှုမရှိသည့်အခန်းများ၌ခရီးသည်များ လာရောက်တည်းခိုနေထိုင်နိုင်ရန်ဖွင့်လှစ်ထားရှိမှု၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများပေးရန်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆိုလာစနစ်တပ်ဆင် အသုံးပြုနေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံအခန်းများနှင့် ခန်းမများကို ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံရေးဆောင်ရွက်ရာတွင် စံချိန်စံညွှန်းအတိုင်း ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်ရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊အပြာရောင်အဆင့်ရှိ လူနေထိုင်နိုင်သည့် အခန်းများနှင့် ခန်းမများကိုစနစ်တကျပြုပြင်မွမ်းမံ၍ ဧည့်သည်များ ပိုမိုလက်ခံနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်၊ ဧည့်သည်လက်ခံလျက်ရှိသော အဆောက်အအုံနှင့်အခန်းများတွင် ဟိုတယ်အဆင့်အတန်းနှင့်အညီ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အစဉ်တစိုက်ကြိုးစားရန်၊ဟိုတယ်များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များကို လာရောက်တည်းခိုသည့်ဧည့်သည်များသိရှိအောင်စီစဉ်ထားရှိရန်၊ဝန်ကြီးဌာနနှင့်နိုင်ငံတကာမှသတ်မှတ်ထားရှိသည့် စံသတ်မှတ်ချက်များအတိုင်း ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ် မြို့၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွား လုပ်ငန်းအဖွဲ့အထွေထွေညီလာခံနှင့်တိုးရိုက်စ်ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ တက်ရောက်**



ဆော်ဒီအာရေဗျနိုင်ငံ၊ ခရီးသွားလာရေးဝန်ကြီးနှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးချုပ်တို့၏ ဖိတ်ကြားချက်အရ ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ်မြို့ရှိ Mandarin Oriental “Al Faisaliah” (မန်ဒရင်း အော်ရီယန်တယ် အယ်ဖဆာလိယဲ့) ဟိုတယ်၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၁၀ ရက်အထိ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့အထွေထွေညီလာခံ (UN Tourism General Assembly) နှင့် ဆက်စပ်အစည်းအဝေးများအား ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါ (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံ၏ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆော်ဒီအာရေဗျနိုင်ငံ၊ ခရီးသွားလာရေးဝန်ကြီး Mr. Ahmed Al-Khatib (မစ္စတာ အာမတ် အယ်ခါတစ်ဘ်) က ဆောင်ရွက်၍ နိုင်ငံတကာခရီးသွားလုပ်ငန်းအလားအလာများ၊ ၂၀၂၄-၂၀၂၅ ခုနှစ်များအတွက် အထွေထွေလုပ်ငန်းစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ လူ့စွမ်းအားအရင်းအမြစ်နှင့်ဘဏ္ဍာရေးအခြေအနေများ၊ ၂၀၂၆-၂၀၂၇ ခုနှစ်များအတွက် ရှေ့လုပ်ငန်းစဉ်များနှင့်ဘဏ္ဍာရေးလျာထားမှုများ၊ ကုလသမဂ္ဂခရီးသွား လုပ်ငန်းအဖွဲ့၏ အပြည့်အဝအဖွဲ့ဝင်နိုင်ငံ(၁၆၁)နိုင်ငံနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာနိုင်ငံကာအဖွဲ့အစည်း (၄၉၇)ခုမှ ပူးပေါင်းအဖွဲ့ဝင်များအဖြစ် ဝင်ရောက်မှုအခြေအနေများ၊ အာရပ်ဆော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ Ms. Shaikha Al Nowais(မစ္စရှာအိခါ အယ် နိုဝါးအိစ်)အား UN Tourism၏ အတွင်းရေးမှူးချုပ်အဖြစ် ၂၀၂၆ ခုနှစ် ၂၀၂၉ ခုနှစ်အထိခန့်အပ်ရန် အတည်ပြုခဲ့မှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှန်ဟိုင်းမြို့တွင် ဒေသဆိုင်ရာ ရုံးတည်ထောင်ရန် အဆိုပြုချက်အပါအဝင် ကုလသမဂ္ဂခရီးသွားလုပ်ငန်း ဒေသဆိုင်ရာရုံးများနှင့် ရုံးခွဲများ (Regional and Thematic Offices) တည်ထောင်မှု အခြေအနေများ၊အလုပ်အမှုဆောင်ကောင်စီအစည်းအဝေးများ၏အစီရင်ခံတင်ပြချက်များ၊ အနာဂါတ်ခရီးသွားလုပ်ငန်းဆိုင်ရာ ရီရတ်ဒ်ကြေညာချက်အား အတည်ပြုထုတ်ပြန်မှုများ၊ အယ်လ်ဆာဗားဒေါ (El Salvador)နိုင်ငံနှင့် ကာဘိုဗာဒေး (Cabo Verde) နိုင်ငံတို့မှ ၂၀၂၆ ခုနှစ်နှင့်၂၀၂၇ ခုနှစ်များအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများအား လက်ခံကျင်းပပြုလုပ်ရန်အဆိုပြုချက်များ၊ ၂၀၂၅ခုနှစ်မှ၂၀၂၉ခုနှစ်အထိအလုပ် အမှုဆောင်ကောင်စီအား အဖွဲ့ဝင်နိုင်ငံ (၁၇) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့မှု အခြေအနေများအား အထွေထွေညီလာခံမှ ဆွေးနွေးအတည်ပြုခဲ့ပါသည်။

ထို့အပြင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါ အထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပပြုလုပ်ခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းကော်မတီ အစည်းအဝေး၊ ခရီးသွားလုပ်ငန်းနှင့် ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်ရေးကော်မတီအစည်းအဝေး၊ ခရီးသွားလုပ်ငန်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကော်မတီအစည်းအဝေးနှင့် (၁၂၄) ကြိမ်မြောက် အလုပ်အမှုဆောင် ကောင်စီအစည်းအဝေးများသို့ လေ့လာသူအဖြစ် ပါဝင်တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်ဆက်လက်ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ်များကို လေ့လာခဲ့ပါသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ သည် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေ ညီလာခံဖွင့်ပွဲအခမ်းအနား၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ (၅၀) နှစ်မြောက် အခမ်းအနားနှင့်"ဉာဏ်ရည်တု(AI)နည်းပညာဖြင့် ခရီးသွားလုပ်ငန်း အနာဂတ်အလားအလာများအား ပြန်လည်သတ်မှတ်ခြင်း" ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းဆိုင်ရာဉာဏ်ရည်တုနည်းပညာ Grand Final ပြိုင်ပွဲတို့အား ဆက်လက်ပါဝင်တက်ရောက်ခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ၊ ရီရတ်ဒ်မြို့ရှိ King Abdulaziz International Conference Center ၌ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်မှ (၁၃) ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံ၊ ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပပြုလုပ်ခဲ့သည့် TOURISE (တိုးရိုက်စ်)ခရီးသွားလုပ်ငန်းဆွေးနွေးပွဲသို့ဆက်လက်ပါဝင်တက်ရောက်ခဲ့ပြီး လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်နည်းပညာများတိုးတက်ပြောင်းလဲမှု အခြေအနေများအရ ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ကဏ္ဍစုံရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် နိုင်ငံတကာမှခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာနှင့်ရင်းနှီး မြှုပ်နှံမှုဆိုင်ရာပြခန်းများပါဝင်ပြသမှုအခြေအနေများအားလေ့လာကြည့်ရှုခဲ့ပါသည်။

ဒုတိယဝန်ကြီးသည် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံအစည်းအဝေးကာလအတွင်းဆော်ဒီအာရေဗျနိုင်ငံ၊ခရီးသွားလုပ်ငန်းဝန်ကြီး၊ဒုတိယဝန်ကြီးများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကများအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုနှင့် ခရီးသွားလုပ်ငန်းများ စတင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ထို့အပြင် လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် ပူးပေါင်းဈေးကွက်မြှင့်တင်ရေးအတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ နားလည်မှုစာချွန်လွှာများမူကြမ်းရေးဆွဲရေး၊ နှစ်ဖက်အတည်ပြုပြီးဖြစ်သည့် နားလည်မှုစာချွန်လွှာများအား လက်မှတ်ရေးထိုးနိုင်ရေး၊ သက်တမ်းကုန်ဆုံးနေသည့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံချက်များအား သက်တမ်းတိုးမြှင့်ရေး၊သက်တမ်းကြာမြင့်နေသည့် နားလည်မှုစာချွန်လွှာများအား နှစ်ဖက်ညှိနှိုင်းပြင်ဆင်ရေးနှင့်နှစ်နိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ထို့အပြင် ဒုတိယဝန်ကြီးသည် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်လာသည့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအား

ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ (၂၇) ကြိမ်မြောက်ကုလသမဂ္ဂခရီးသွားလုပ်ငန်း အဖွဲ့အထွေထွေညီလာခံ အစည်းအဝေးများအား Dominican Republic နိုင်ငံမှ ၂၀၂၇ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်း သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်**



ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ လုံခြုံရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး မြန်မာ့ရိုးရာသိုင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်နေ့နံနက်ပိုင်းက ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ညောင်ရွှေမြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်)၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ လုပ်ငန်းရှင်များနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များစွာရှိသည့်အနက် မြန်မာ့ရိုးရာသိုင်းပညာသည်လည်း အလွန်အရေးပါသည့်အမွေအနှစ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာရပ်အား လေ့လာသင်ယူခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရုံသာမက စည်းကမ်းပြည့်ဝမှု၊ အတွေးအခေါ်နှင့် ယုံကြည်မှု၊ သစ္စာစောင့်သိမှု၊ အပြန်အလှန်လေးစားမှု၊ စိတ်ဓာတ်တည်ကြည်မှုတို့ကို ရရှိစေနိုင်ပါကြောင်း၊ သင်တန်းမှသင်ခန်းစာများကိုကြိုးစားလေ့လာသင်ယူကြပြီးမိမိတို့၏လူမှုအသိုက်အဝန်းပတ်ဝန်းကျင်ကို စောင့်ရှောက်နိုင်သော လူတော်လူကောင်းများ ဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာဆောင်ရွက်ချက်များ၊ခရီးစဉ်ဒေသများဖော်ထုတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်ကြားပြသပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပါသည်။

ယင်းနောက်ညောင်ရွှေမြို့ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊သတင်းနှင့်ပြန်ကြားရေးကောင်တာသို့ သွားရောက်ပြီး ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ခရီးသွားလမ်းညွှန် မြေပုံများနှင့်စာအုပ်/စာစောင်များ ခင်းကျင်းပြသထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ညောင်ရွှေမြို့ရှိ လျှော်ဒဏ်သင့်ဟိုတယ်အဆောက်အဦများ ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အောက်တိုဘာလ ၂၈ရက်က ဒုတိယဝန်ကြီးသည်တာဝန်ရှိသူများနှင့်အတူ မိုင်းပန်ဒေသသို့ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် မိုင်းပန်မြို့အတွင်း ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ခရီးသွားလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ မေတ္တာလက်ဆောင်များပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ဘုရားဖူးခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေးမိုင်းပန်မြို့ဗုဒ္ဓဂါယာ ကုန်းပင်းဘုန်းတော်ကြီးကျောင်းသို့သွားရောက်ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းပန်ဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ**




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် အောက်တိုဘာလ (၂၈) ရက်နေ့၊ နံနက်ပိုင်းတွင် မိုင်းပန်မြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့(Destination Management Organization– DMO) များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊မြို့မိမြို့ဖများ၊ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပါသည်။

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများစွာ ပိုင်ဆိုင်ထားရှိပါကြောင်း၊ ယင်းဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြစေရေး အတွက်ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များ၊လုပ်ငန်းလုပ်ကိုင်သူများပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊မိုင်းပန်မြို့သည်တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်တန်းဒေသဆိုင်ရာခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးအခြေပြုခရီးသွားလုပ်ငန်းများအကောင်အထည်ဖော်နိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး မိုင်းပန်မြို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ခရီးသွားလုပ်ငန်းတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကိုကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြကြရာတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးကပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီးလိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည်မိုင်းပန်မြို့၊ကျေးရွာများရှိ စာသင်ကျောင်းများမှ တာဝန်ရှိသူ ဆရာ/ဆရာမများထံသို့ MRTV DVB – T2 Set Top Box များနှင့်သုတရသဆိုင်ရာစာအုပ်များကိုထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် မိုင်းပန်

မြို့အနီးရှိ ကျေးရွာ (၁၈) ရွာမှ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးများထံသို့လည်း MRTV DVB – T2 Set Top Box များကိုကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လည်းကောင်းပေးအပ်သည်။

ဆက်လက်ပြီးဒုတိယဝန်ကြီးသည်မိုင်းပန်မြို့အတွင်းရှိစာသင်ကျောင်းများနှင့်ဌာနဆိုင်ရာ များသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ/ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အားပေးစကားပြောကြားကာလိုအပ်သည်များမှာကြား၍ မေတ္တာလက်ဆောင်မွန်များပေးအပ်ခဲ့ပါသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကာဆေးရုံသို့ကျန်းမာရေးအထောက်အကူပြုဆေးပစ္စည်းများနှင့်ဆေးဝါးများထောက်ပံ့ပေးအပ်ပြီး ဆေးရုံတွင်တက်ရောက်ကုသနေသော လူနာများအားတွေ့ဆုံအားပေးစကားပြောကြားကာလူနာ(၁)ဦးချင်းအတွက် ထောက်ပံ့ငွေများနှင့်အဟာရကျွေးမွေးရေးအတွက်ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်ဒေသရှိဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆောင်ရွက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁ ရက်နေ့၊ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization – DMO)များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့သည် ရာသီဥတုကောင်းမွန်၍ တောင်ကုန်း၊ တောင်တန်းများ၊ လယ်ယာစိုက်ခင်းများနှင့် သာယာလှပသည့်ရှုခင်းများကို ပိုင်ဆိုင်သည့် တောင်ပေါ်ဒေသဖြစ်သောကြောင့် ခရီးသွားများ လာရောက်အပန်းဖြေလည်ပတ်ရန် ကောင်းမွန်သည့်နေရာတစ်ခုဖြစ်ကြောင်း၊ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက်တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့်လုပ်ငန်းရှင်များ၊ ဒေသခံများကဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုနှင့်တွေ့ကြုံရသည့် အခက်အခဲများကိုသက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးပြီးမိုင်းပန်မြို့ရှိဒေသခံလူငယ်များအတွက်အားကစားပစ္စည်းအသုံးအဆောင်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ မိုင်းပန်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက် ကုသနေသောဆေးရုံတက်လူနာများအားတွေ့ဆုံအားပေးစကားပြောကြားကာ လူနာတစ်ဦးချင်းအတွက်ထောက်ပံ့ငွေနှင့်အာဟာရအစားအစာများပေးအပ်ခဲ့သည်။

စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့ရှိရိုးရာယဉ်ကျေးမှုပြခန်းများကိုလှည့်လည်ကြည့်ရှုပြီး အထင်ကရ ဘုရားစေတီပုထိုးများအား လှည့်လည်ဖူးမြော်ကြည်ညိုကာ ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားကာ အလှူငွေများပေးအပ်လှူဒါန်းခဲ့ပါသည်။

## (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ သို့ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်




ဗီယက်နမ်နိုင်ငံ၊ယဉ်ကျေးမှု၊အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းမြို့ပြည်သူ့ရေးရာကော်မတီတို့၏ ဦးဆောင်မှုဖြင့် (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့မှ(၆)ရက်အထိ ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးညီညီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါသည်။

စက်တင်ဘာလ(၃)ရက်က (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ အထိမ်းအမှတ်ညစာစားပွဲနှင့် Vietnam Night ကို "The Flow of Quintessence" ခေါင်းစဉ်ဖြင့် Thiskyhall Sala Convention Center ၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ၊ ကွန်မြူနစ်ပါတီ အဖွဲ့ဝင် H.E. Mr.Nguyen Va Nen၊ ဒုတိယဝန်ကြီးချုပ် H.E. Mr. Mai Van Dhinh နှင့်တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားဝန်ကြီး၊ ဗီယန်ကျင်းမြို့တော်ပါတီကော်မတီမှ Deputy Secretary၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ ရှန့်ယန်မြူနီစပယ်ပြည်သူ့အစိုးရ၏ မြို့တော်ဝန်၊ စိန့်ပီတာစဘတ်ပြည်နယ်ညီလာခံနှင့်ပြပွဲများကျင်းပရေးဗျူရိုမှ တာဝန်ရှိသူများ၊ Tourism Promotion Organisation TPO အဖွဲ့ဝင်မြို့များမှတာဝန်ရှိသူများ၊ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

စက်တင်ဘာလ၄ရက် နံနက်ပိုင်းက (၁၉) ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲဖွင့်ပွဲအခမ်းအနားကို Saigon Exhibition Convention Center– SECC Exhibition Hall ၌ ကျင်းပခဲ့ပြီး Tourism Promotion Organisation –TPO General Assembly High-Level

Tourism Forumကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့များတက်ရောက်ခဲ့ကြသည်။

ဖိုရမ်အပြီးတွင်ဒုတိယဝန်ကြီးသည်ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ Tourism Authority of Thailand-TAT ၏ Governor နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးအတွက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဝန်ကြီးသည်(၁၉)ကြိမ်မြောက်ဟိုချီမင်း အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ခင်းကျင်းပြသထားသည့်ခရီးသွားပြခန်းများနှင့် ခရီးစဉ်များချိတ်ဆက်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုပြီးလိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲကို ပြည်တွင်းနှင့်နိုင်ငံတကာ သတင်းမီဒီယာများ၊ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိစေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြပွဲသို့နိုင်ငံပေါင်း(၃၀)မှ ခရီးသွားအာဏာပိုင်အဖွဲ့အစည်းများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ နည်းပညာကုမ္ပဏီများမှ ပြခန်းပေါင်း(၅၂၀) ကျော်ခင်းကျင်းပြသခဲ့ကြပါသည်။

စက်တင်ဘာ(၅)ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့သည် ခရီးသွားလုပ်ငန်းဆွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

## ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံတွင် ကျင်းပြုလုပ်သည့် (၅၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက်



ဗီယက်နမ်နိုင်ငံ၊ နင့်ဘင့်မြို့တွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၁၉-၁၁-၂၀၂၅ ရက်နေ့အထိ (၅၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွား လုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဲခေါင်ခရီးသွား လုပ်ငန်းညှိနှိုင်းရေး ရုံးဘုတ်အဖွဲ့အစည်းအဝေးနှင့်မဲခေါင်ဒေသခွဲအတွင်းရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာကွန်ဖရင့်(စ်)ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့်လည်း လိုင်စင်ရခရီးသွားကုမ္ပဏီများ၏စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များ၏ ခရီးစဉ်များအဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၅ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း(၂၈,၃၆၀)ဦး မြန်မာနိုင်ငံအတွင်းရှိ ခရီးစဉ်များသို့လာရောက်လည်ပတ်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း**

| စဉ် | လိုင်စင်အမျိုးအစား | (၃၀-၁၁-၂၀၂၅) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၈၃(လုံး) |
| | | ၈၈၇၈၃(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၉၇(လုံး) |
| | | ၁၄၀၇၆(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၈၀(လုံး) |
| | | ၁၀၂၈၅၉(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၉၆၄(ခု) |
| | (ခ ) ပြည်ပ | ၁၀၅၀(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၈၁၄(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၆၀(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၀၅၄(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သော စာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၄ ဇန်နဝါရီလ | ၂၀၂၅ ဇန်နဝါရီလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၂၅၃၈၇၉ | ၂၈၇၉၈၂ | ၃၄၁၀၃ | (+)၁၃% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၅၂၇ | ၃၉၁ | (-)၁၃၆ | (-)၂၆% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | ၈၈၈ | ၁၀၄၈ | ၁၆၀ | (+)၁၈% |
| | **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | **၂၅၅၂၉၄** | **၂၈၉၄၂၁** | **၃၄၁၂၇** | **(+)၁၃%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၇၂၁၈၆၀ | ၆၀၀၉၀၁ | -၁၂၀၉၅၉ | (-)၁၇% |
| | **စုစုပေါင်း** | **၉၇၇၁၅၄** | **၈၉၀၃၂၂** | **-၈၆၈၃၂** | **(+) ၉%** |

**နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်များရှိ ဧည့်သည်စာရင်းအချက်အလက်စနစ် အသုံးပြုမှု/ အခြေပြဇယား**

၃၀-၁၁-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းရှိ | မှတ်ပုံတင်ထားသည့် ဟိုတယ် | မှတ်ပုံတင်ရန် ကျန်ရှိသည့် ဟိုတယ် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁၀၃ | ၉၃ | ၁၀ |
| ၂ | ကချင်ပြည်နယ် | ၉၁ | ၇၀ | ၂၁ |
| ၃ | ကယားပြည်နယ် | ၃၃ | - | ၃၃ |
| ၄ | ကရင်ပြည်နယ် | ၆၄ | ၆၄ | - |
| ၅ | ချင်းပြည်နယ် | ၁၃ | ၁၃ | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၇ | ၆၀ | ၇ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၆၂ | ၆၂ | - |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၀၅ | ၁၀၄ | ၁ |
| ၉ | မကွေးတိုင်းဒေသကြီး | ၆၀ | ၆၀ | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၆၀၃ | ၄၇၉ | ၁၂၄ |
| ၁၁ | မွန်ပြည်နယ် | ၉၁ | ၈၃ | ၈ |
| ၁၂ | ရခိုင်ပြည်နယ် | ၁၀၃ | ၉၂ | ၁၁ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၅၀၄ | ၄၃၄ | ၇၀ |
| ၁၄ | ရှမ်းပြည်နယ် | ၄၅၁ | ၃၆၉ | ၈၂ |

| | | | | |
|---|---|---|---|---|
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅ | ၁၁၄ | ၁၁ |
| **စုစုပေါင်း** | | **၂၄၇၅** | **၂၀၉၇** | **၃၇၈** |

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား ၁-၄-၂၀၂၂ ရက်နေ့မှစ၍ e-Visa (Business) ထုတ်ပေးခဲ့ပြီး ၁၇-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အချိန်မှစ၍ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

### ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့်အလုပ်အကိုင်အခွင့်အလမ်းနှင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအားဟိုတယ်များမှ ကောင်းမွန်သောဝန်ဆောင်မှုများပေးအပ်နိုင်ရေးတို့အတွက်ရည်ရွယ်၍ ကလေးမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (၂) မျိုးသင်တန်း (၁) ကြိမ်ကို ၂၉-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၄၀) ဦးဖြင့်လည်းကောင်း၊ ဘားအံမြို့တွင်ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (၂) မျိုးသင်တန်း (၁) ကြိမ်ကို ၃-၁၀-၂၀၂၅ ရက်နေ့မှ ၃၁-၁၀-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၅၂) ဦးဖြင့်လည်းကောင်း၊ ထားဝယ်မြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု(၃) မျိုး သင်တန်း(၁) ကြိမ်ကို၂၄-၁၁-၂၀၂၅ရက်နေ့မှ ၂၄-၁၂-၂၀၂၅ ရက်နေ့ အထိ သင်တန်းသား (၁၁၀)ဦးဖြင့်လည်းကောင်း၊ မြစ်ကြီးနားမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (၃) မျိုး သင်တန်း (၁) ကြိမ်ကို ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၈-၁၁-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၁၀၀) ဦးဖြင့် လည်းကောင်း၊ မန္တလေးမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု(၃)မျိုးသင်တန်း (၁) ကြိမ်ကို ၂၈-၁၀-၂၀၂၅ရက်နေ့မှ၁၂-၁၁-၂၀၂၅ရက်နေ့အထိ သင်တန်းသား (၉၀) ဦးဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့တွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင် မှု (၂) မျိုး သင်တန်း (၁) ကြိမ်ကို ၂၈-၁၀-၂၀၂၅ ရက် နေ့မှ ၁၂-၁၁-၂၀၂၅ ရက်နေ့ အထိ သင်တန်းသား (၆၀) ဦးဖြင့်လည်းကောင်း၊ မိတ္ထီလာမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (၂) မျိုး သင်တန်း (၁) ကြိမ်ကို ၂၉-၁၀-၂၀၂၅ ရက်နေ့မှ ၁၃-၁၁-၂၀၂၅ ရက်နေ့အထိသင်တန်းသား (၆၀)ဦးဖြင့်လည်းကောင်း၊ နေပြည်တော်တွင် Supervisory Skills Training သင်တန်း(၁)ကြိမ်ကို ၁-၁၁-၂၀၂၅ ရက်နေ့မှ ၂၂-၁၁-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၃၇)ဦးဖြင့်လည်းကောင်း၊ စုစုပေါင်း သင်တန်း (၈) ကြိမ်ကို သင်တန်း သား ( ၅၄၉) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

### ဘာသာစကားသင်တန်းများ

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်နိုင်ရေးအတွက် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေကြသူများအား နိုင်ငံခြားဘာသာစကားများကို ကောင်းမွန်ပြေပြစ်စွာ ရေးသားပြောဆိုဆက်ဆံ နိုင်စေရန် ရည်ရွယ်၍ ငွေဆောင်တွင် အင်္ဂလိပ်ဘာသာစကား(အခြေခံ) သင်တန်းကို ၁၃-၁၀-၂၀၂၅ ရက်နေ့မှ ၇-၁၁-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၂၈) ဦးဖြင့် လည်းကောင်း၊ ချောင်းသာတွင် အင်္ဂလိပ်ဘာသာစကား (အခြေခံ) သင်တန်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၁၃-၁၁-၂၀၂၅ ရက်နေ့အထိသင်တန်းသား (၃၀) ဦးဖြင့်လည်းကောင်း၊ စုစုပေါင်းသင်တန်း (၂) ကြိမ်ကို သင်တန်းသား (၅၈) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

ဟိုတယ်၊ မိုတယ်နှင့်တည်းခိုရိပ်သာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်အခြေအနေတွင် စနစ်တကျ စီမံခန့်ခွဲတုံ့ပြန်နိုင်ရန်ရည်ရွယ်၍ အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းသင်တန်းများကို ငွေဆောင်တွင် ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၇-၁၁-၂၀၂၅ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၃၄) ဦး၊ ချောင်းသာတွင် ၁၁-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၈) ဦး၊ စုစုပေါင်းသင်တန်း (၂) ကြိမ်ကို သင်တန်းသား (၆၂) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

### ဧည့်လမ်းညွှန်သင်တန်းများ

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ကော့သောင်းတွင် ဒေသဆိုင်ရာဧည့်လမ်းညွှန် (မွမ်းမံ) သင်တန်း (၁) ကြိမ်ကို ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၇-၁၁-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၃၀) ဦးဖြင့် လည်းကောင်း၊ ရန်ကုန် (CTD) တွင် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၆၅) ကို ၅-၁၁-၂၀၂၅ ရက်နေ့မှ ၃၀-၁၂-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၂၈) ဦးဖြင့် လည်း ကောင်း၊ စုစုပေါင်းသင်တန်း (၂) ကြိမ်ကို သင်တန်းသား (၅၈) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

### ခရီးသွားနှင့်ဆက်နွယ်သောအခြားသင်တန်းများ

ဟိုတယ်ဆိုင်ရာလျှပ်စစ်နှင့် လေအေးပေးစက် တပ်ဆင်ပြုပြင်ထိန်းသိမ်းခြင်း (M&E) သင်တန်းကို ချောင်းသာတွင်၁-၉-၂၀၂၅ ရက်နေ့မှ ၂၆-၉-၂၀၂၅ရက်နေ့အထိ(၁) ကြိမ်၊ သင်တန်းသား (၃၀) ဦး၊တာချီလိတ်မြို့တွင် ဟိုတယ်ပိုင်းဆိုင်ရာလျှပ်စစ်ကျွမ်းကျင်သင်တန်း (M&E) ကို ၁၀-၁၁-၂၀၂၅ ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့အထိ (၁) ကြိမ်၊ သင်တန်းသား (၅၀) ဦး၊ စုစုပေါင်းသင်တန်း(၂)ကြိမ်ကိုသင်တန်းသား(၈၀) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မြန်မာ့ရိုးရာသိုင်းသင်တန်းကို နေပြည်တော်တွင်၁၁-၉-၂၀၂၅ ရက်နေ့မှ၁၈-၁၀-၂၀၂၅ ရက်နေ့အထိ (၁) ကြိမ်၊ သင်တန်းသား (၂၅) ဦး၊ ရန်ကုန်မြို့ တွင် ၁၃-၁၀-၂၀၂၅ ရက်နေ့မှ ၁၀-၁၁-၂၀၂၅ ရက်နေ့အထိ (၁) ကြိမ်၊ သင်တန်းသား (၃၀) ဦး၊ မန္တလေးမြို့တွင် ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့ အထိ (၁) ကြိမ်၊ သင်တန်းသား (၃၀) ဦး၊ တောင်ကြီးမြို့တွင် ၃၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့အထိ (၁) ကြိမ်၊ သင်တန်းသား (၂၅) ဦး၊ ပုဂံမြို့တွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၆-၁၁-၂၀၂၅ ရက်နေ့ အထိ (၁) ကြိမ်၊ သင်တန်းသား (၃၂) ဦး၊ မြစ်ကြီးနားမြို့တွင် ၂၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၆-၁၂-၂၀၂၅ ရက်နေ့အထိ (၁) ကြိမ်၊သင်တန်းသား(၃၀)ဦး၊စုစုပေါင်းသင်တန်း (၆) ကြိမ်ကို သင်တန်းသား (၁၇၂) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရန်ကုန် (CTD)တွင်အခြေခံမုန့်ဖုတ်နည်းသင်တန်း(၁)ကြိမ်ကို၈-၁၀-၂၀၂၅ ရက်နေ့မှ ၅-၁၁-၂၀၂၅ရက်နေ့အထိသင်တန်းသား(၁၅)ဦးဖြင့်ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

### နိုင်ငံအဆင့်အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) နှင့် အာဆီယံအဆင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုသင်တန်း (ASEAN National Assessor)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအထိ နိုင်ငံအဆင့်အာဆီယံသင်ကြားရေးဆရာဖြစ် သင်တန်း (ASEAN National Trainer) သင်တန်း (၃) ကြိမ်ကို သင်တန်းသား (၅၃) ဦးဖြင့် ဖွင့်လှစ်ပို့ ချပေးနိုင်ခဲ့ပါသည်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအထိ စုစုပေါင်း သင်တန်း (၂၆) ကြိမ်ကို သင်တန်းသား (၁၀၄၇) ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**The 22nd China-ASEAN Expo Tourism Exhibition Area 2025 ပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွား ပြခန်းပါဝင်ပြသခြင်း**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကွေ့လင်မြို့၊ Guilin International Convention and Exhibition Center ၌ ၁၉-၉-၂၀၂၅ ရက်နေ့မှ ၂၁-၉-၂၀၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် The 22nd China-ASEAN Expo Tourism Exhibition Area 2025 ပြပွဲသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ် (၂) ဦးပါဝင်တက် ရောက်ခဲ့ကြပြီးပုဂ္ဂလိကခရီးသွားလုပ်ငန်းကုမ္ပဏီ(၅)ခုတို့မှ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းပါဝင်ပြသခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သည့် အာဆီယံခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးသို့ ပါဝင်တက်ရောက်**



အာဆီယံခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးများကို ၂၈-၁၀-၂၀၂၅ ရက်နေ့၊ ၃၀-၁၁-၂၀၂၅ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်အေးဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ခဲ့ပြီး အာဆီယံခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေး ကော်မတီအစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ အစည်းအဝေး၏ ဒုတိယဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### ရန်ကုန်တိုင်းဒေသကြီး

**အီဂျစ်နိုင်ငံခရီးသွားကုမ္ပဏီမှ ဌာနတာဝန်ခံနှင့်အဖွဲ့အား လာရောက်တွေ့ဆုံခြင်း**



ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ရန်ကုန်ရုံး ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ယနေ့နံနက် (၁၀:၀၀) နာရီအချိန်တွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး၏ ရုံးခန်း၌ Oscar Tours လုပ်ငန်းဆောင်ရွက်နေသည့် အီဂျစ်နိုင်ငံခရီးသွားလုပ်ငန်းရှင် Mr.Mohamed. F.Sabry ၊ Engineering Technology Application Co.,Ltd မှ Dr.Ahmed Fouad El Sokkary နှင့် Embassy of the Arab Republic of Egypt မှ Dr. Ahmed Eltahlawy အား တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် အီဂျစ်နိုင်ငံမှခရီးသွားများ မြန်မာပြည်လာရောက်လည်ပတ်လေ့လာနိုင်ရေးနှင့် မြန်မာနိုင်ငံမှခရီးသွားများ အီဂျစ်နိုင်ငံသို့ လာရောက် လည်ပတ်လေ့လာနိုင်ရေးနိုင်ရန်အတွက် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံမှခရီးလှည့်လည်ရေးလုပ်ငန်း (ပြည်တွင်/ပြည်ဝင်/ပြည်ပ) နှင့် (MOU) စာချုပ်ချုပ်ဆိုဆောင်ရွက်မည်ဖြစ်ကြောင်း၊ (MOU) ထိုးနိုင်ရေး လိုင်စင်ရ ခရီးလှည့်လည်ရေးကုမ္ပဏီများအား အကြံပြုပေးစေလိုကြောင်း၊ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ရှေးဟောင်းပြတိုက်၊ ရှေးဟောင်းအဆောက်အဦးများ၊ အလွန်လှပသည့်ခရီးစဉ်ဒေသများရှိသောကြောင့် လာရောက်လည်ပတ်လေ့လာနိုင်ရန်ဆွေးနွေးခဲ့ကြပြီး အီဂျစ်နိုင်ငံမှ ကိုယ်စားလှယ်မှ အမှတ်တရပစ္စည်းပေးအပ်ခဲ့ပါသည်။

**ဟိုတယ်လုပ်ငန်းရှင်များ မန်နေဂျာများနှင့် တွေ့ဆုံပွဲအခမ်းအနား**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဟိုတယ်/တည်းခိုရိပ်သာများအားဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးတာဝန်ခံနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုံ) ဒုတိယဥက္ကဋ္ဌတို့မှ ဟိုတယ်/တည်းခိုရိပ်သာများ ညွှန်ကြားချက်နှင့်အညီ လိုက်နာရေး၊ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးဝန်ထမ်းများခန့်ထားရန်၊ CCTV များစနစ်တကျတပ်ဆင်၍ အစဉ်အမြဲကောင်းမွန်ရေး၊ ဧည့်စာရင်းများအား စနစ်တကျရေးသွင်းရေး ၊ GLIS စနစ် မပျက်မကွက်တိုင်ကြားရေး၊ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရွက်ရန်ကိစ္စများ၊ ထူးခြားဖြစ်စဉ်ဖြစ်ပွားလာပါက (၂၄)နာရီအတွင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ အချိန်မှီသတင်းပို့ရန်ကိစ္စ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ထွက်ရှိသည့် အမှိုက်များအား စနစ်တကျစွန့်ပစ်ရေး၊အခွန်တံဆိပ်များ သတ်မှတ်ချက်အတိုင်းကပ်နှိပ်ရေးနှင့်၊နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့်အညီဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေးအတွက် လိုအပ်သောအစီအမံများဆောင်ရွက်ရန်၊ပလပ်စတစ်အသုံးပြုမှုလျော့ကျစေရေးဆိုင်ရာအသိပညာပေးဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံ ဆွေးနွေးပွဲအားရန်ကုန်မြို့တွင်းဇရိယာအတွင်းရှိ ဟိုတယ်/တည်းခိုရိပ်သာ (၁၈၀) လုံးမှ လုပ်ငန်းရှင်များ၊ မန်နေဂျာများ ပါဝင်တက်ရောက်ခဲ့ပါသည်။တာဝန်ရှိသူများဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်များနှင့် မန်နေဂျာများမှ သိရှိသုံးသပ် မေးမြန်းရာတိုင်းတာဝန်ခံညွှန်ကြားရေးမှူးမှပြန်လည်ပြောကြားရှင်းလင်းပေးခဲ့ပါသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံစိန့်ပီတာစဘတ်မြို့နှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲအခမ်းအနား**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့နှင့် မြန်မာချစ်ကြည်ရေးနှင့်ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးဆောင်၍ ကိုယ်စားလှယ်အဖွဲ့များနှင့် Mr.Vyacheslav Kalganov ဦးဆောင်သည့်အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှခရီးသွားများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့သို့ လာရောက်လည်ပတ်နိုင်ရေး၊ ရုရှားနိုင်ငံမှ ခရီးသွားများမှလည်း မြန်မာနိုင်ငံသို့ အပြန်အလှန်လာရောက် လည်ပတ်စေလိုကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများရှိသည့်အပြင် သဘာဝအရအလွန်လှပသော ခရီးစဉ်ဒေသများလည်းရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း ခရီးသွားပြပွဲများကိုလည်း မြန်မာနိုင်ငံမှ သတင်းမီဒီယာများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် အစိုးရအဖွဲ့ဝင်များအားဖိတ်ကြားလျက်ရှိကြောင်း၊ ယခုနှစ် ဒီဇင်ဘာလ (၁၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ ကျင်းပမည့် ရုရှား Travel Mart အခမ်းအနားသို့လည်း တက်ရောက်နိုင်ရေး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းတို့အား ဖိတ်ကြားသွားမည့်အပြင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုလည်းဖိတ်ကြားသွားမည်ဖြစ်ပါသည်။၎င်းနောက် UMTA ဥက္ကဋ္ဌမှ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ရွှေရောင်တောက်ပနေသည့် စေတီပုထိုးများ၊ရှေးဟောင်းအမွေအနှစ်အဆောက်အဦများ၊ ပင်လယ်ကမ်းရိုးတန်းဒေသများ၊ သဘာဝအလှတရားများပြည့်နှက်နေသည့် ခရီးစဉ်ဒေသရှိ သည့်အတွက်လာရောက်လည်ပတ်စေလိုကြောင်း၊နှစ်နိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ထို့နောက်တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်လာသောမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများမှနှစ်နိုင်ငံငွေကြေးသုံးစွဲမှုဆိုင်ရာကိစ္စရပ်များအားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းမှ နှစ်နိုင်ငံလေကြောင်းခရီးစဉ်များအပြန်အလှန် ပြေးဆွဲနိုင်ရေးအတွက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီးနောက် UMTA အသင်း ဥက္ကဋ္ဌမှ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့သို့မြန်မာ-ရုရှားအပြန်အလှန်လက်ဆောင်များဖလှယ်ခဲ့ကြောင်းသတင်းရရှိခဲ့ပါသည်။

**ဟိုတယ်လုပ်ငန်းရှင်များ မန်နေဂျာများနှင့် တွေ့ဆုံပွဲအခမ်းအနား**




ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်/တည်းခိုရိပ်သာများအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတာဝန်ခံနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုံ) ဒုတိယဥက္ကဋ္ဌတို့မှဟိုတယ်/တည်းခိုရိပ်သာများညွှန်ကြားချက်နှင့်အညီ လိုက်နာရေး၊ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးဝန်ထမ်းများခန့်ထားရန်၊ 32 Beauty Land Hotel ဖြစ်စဉ်နှင့်ပတ်သက်၍ အားနည်းချက်များအား ဟိုတယ်နှင့်တည်းခိုရိပ်သာများမှလိုက်လံပြုပြင်နိုင်ရေး၊ CCTV များ စနစ် တကျတပ်ဆင်၍ အစဉ်အမြဲကောင်းမွန်ရေး၊ဧည့်စာရင်းများအား စနစ်တကျ ရေးသွင်းရေး ၊ GLIS စနစ် မပျက်မကွက်တိုင်ကြားရေး၊ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ ဆောင်ရွက်ရန်ကိစ္စများ၊ ထူးခြားဖြစ်စဉ် ဖြစ်ပွားလာပါက (၂၄) နာရီအတွင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ အချိန်မှီသတင်းပို့ရန်ကိစ္စ၊ ဟိုတယ်နှင့်တည်းခို ရိပ်သာများမှ ထွက်ရှိသည့် အမှိုက်များအား စနစ်တကျ စွန့်ပစ်ရေး၊ အခွန်တံဆိပ်များ သတ်မှတ်ချက်အတိုင်းကပ်နှိပ်ရေးနှင့်၊ နိုင်ငံတကာလုပ်ထုံးလုပ် နည်းနှင့်အညီဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေးအတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ရန်၊ ပလပ်စတစ်အသုံးပြုမှုလျော့ကျစေရေးဆိုင်ရာ အသိပညာပေးဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံ ဆွေးနွေးပွဲအား ရန်ကုန်မြို့တွင်းဇရိယာအတွင်းရှိ ဟိုတယ်/တည်းခိုရိပ်သာ (၂၅၀) လုံးမှ လုပ်ငန်းရှင်များ၊ မန်နေဂျာများ ပါဝင်တက်ရောက်ခဲ့ပါသည်။ တာဝန်ရှိသူများ ဆွေးနွေးပြောကြားပြီးနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးခွဲ ဒုတိယတိုင်းတာဝန်ခံမှ ထပ်မံဖြည့် စွက် ရှင်းလင်းပြောကြားခဲ့ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ**




ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/ ၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ (၂၁)ရက် နေ့လယ်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ခန်းမ(၄)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ကော်မတီ အတွင်းရေးမှူးရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒအောင်နှင့် ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအသင်းအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဒုတိယလေးလပတ်အထိ ဆောင်ရွက်နိုင်ခဲ့သည့် ခရီးသွားလုပ်ငန်း အခြေအနေနိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုအခြေအနေနှင့်ခရီးသွားလုပ်ငန်းနယ်ပယ် ဝန်ဆောင်မှုအဆင့်အတန်း ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများဖွင့်လှစ်ပေးနိုင်မှုအခြေအနေ၊ဟိုတယ်နှင့် တည်းခိုရိပ်သာများ လိုင်စင်ဆိုင်ရာအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရေးကိစ္စများ၊ အလားအလာရှိသည့် ခရီးစဉ် ဒေသအသစ်ဖော်ထုတ်နိုင်ရေး ကိစ္စရပ်များကို သုံးသပ်ပြောကြားကာ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ယနေ့ကျင်းပသည့်အစည်းအဝေးမှ ဟိုတယ်အဆောက်အဦ တည်ဆောက်ခွင့်(၂)ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင် (၃)ခု၊ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးနှင့်ဝန်ဆောင်မှု (၅၁)ခု၊ တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်သက်တမ်းတိုးနှင့် ဝန်ဆောင်မှု (၁၅)ခု၊ တည်းခိုဆောင်လုပ်ငန်း လိုင်စင်အသစ် (၁)ခု၊ သက်တမ်းတိုး(၃)ခု၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အသစ် (ပြည်တွင်း/ပြည်ဝင်) (၄၀)ခု၊ (ပြည်ပ)(၂၁) ခု၊ ခရီးလှည့်လည်ရေး (ပြည်တွင်း/ပြည်ဝင်) သက်တမ်း တိုး (၁၈၂)ခု၊ (ပြည်ပ) (၄၆)ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်သက်တမ်းတိုး(၁၅၄)ခုပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အသစ် (၁၁) ခု၊ သက်တမ်းတိုး (၄) ခုတို့အား အတည်ပြုပေးနိုင်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆက်လက်ဖွင့်လှစ်မည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ရန်ကိစ္စနှင့်ခရီးသွားမြှင့် တင်ရေး Website လွှင့်တင်ရေး ဆောင်ရွက်နေမှုကိစ္စများကိုဆွေးနွေးခဲ့ကြကြောင်းနှင့်ယနေ့အစည်းအဝေးမှလုပ်ငန်းလိုင်စင်ခွင့်ပြုပေးခဲ့သည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ဟိုတယ်လုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပမာဏငွေကျပ် (၉၈၇၈.၉၅၀) သန်းနှင့် လုပ်သားအင်အား (၂၂၃)ဦး အတွက်အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။

## မကွေးတိုင်းဒေသကြီး

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၅) အစည်းအဝေးကျင်းပ**



မကွေးတိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၄.၉.၂၀၂၅ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်မှ တက်ရောက်အမှာစကားပြောကြားပါသည်။အစည်းအဝေးတွင် ကော်မတီဝင် ဒုတိယဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးမှမကွေးတိုင်းဒေသကြီးအတွင်းသို့ ဧည့်သည်ဝင်ရောက်မှု၊ ဝင်ငွေရရှိမှု အခြေအနေများနှင့် GLIS စနစ်ကိုလည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း မှာကြားခဲ့ပါသည်။ထို့နောက်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊မကွေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းဦးက မကွေးတိုင်း ဒေသကြီးအတွင်းသို့ ပြည်တွင်း/ပြည်ပခရီးသည် ဝင်ရောက်မှု၊ ယခင်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၃/၂၀၂၅)မှဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ပြီးစီးမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအားရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားနေရာများတွင် တရုတ်-အင်္ဂလိပ်-မြန်မာ (၃)ဘာသာဖြင့် ခရီးသွားလမ်းညွှန်ဆိုင်းဘုတ် (သို့မဟုတ်) ခရီးသွားသတိပေးချက်ဆိုင်းဘုတ်များ တပ်ဆင်ခြင်း**




မကွေးတိုင်းဒေသကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲရလဒ်များမှဦးစားပေး(၁)နှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၁)ဖြစ်သည့်"မြသလွန်ဘုရား၊ဗိဿနိုးမြို့ဟောင်း၊ ကမ်းနားလမ်းညဈေး၊ စက္ကိန်းတဲဘုရား၊ မင်းလှခံတပ်၊ ကွေ့ချောင်းခံတပ်နှင့် ခရီးစဉ်နေရာများတွင် တရုတ်-အင်္ဂလိပ်-မြန်မာဆိုင်းဘုတ်ပြုလုပ်ရန်" ဟူသောဆောင်ရွက်ရန် အချက်အရခရီးစဉ်ဒေသ(၁၇)နေရာတွင်တရုတ်-အင်္ဂလိပ်-မြန်မာ(၃)ဘာသာ

ဖြင့် ခရီးသွားအသိပေး၊ သတိပေးစာသားများနှင့် လမ်းညွှန်ဆိုင်း ဘုတ်(၈၂) နေရာအားဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်းသတင်းရရှိပါသည်။

**ခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်မှု သတင်းအချက်အလက်များ**

**သီတင်းကျွတ်နှင့်တန်ဆောင်တိုင်မီးထွန်းပွဲတော်များကျင်းပခဲ့မှု**



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ၂၀၂၅ ခုနှစ် သီတင်းကျွတ်ပွဲတော်အထိမ်းအမှတ်အဖြစ် MSMEs ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပခဲ့ပြီး ပွဲတော်ကာလအတွင်း မြို့တော်ခန်းမနှင့် ကမ်းနားလမ်းတစ်လျှောက်ရောင်စုံလျှပ်စစ်မီးများ၊မီးဆိုင်းများ၊မီးအလှဆင်ထားသည့် အရုပ်များဖြင့် အလှဆင်ထွန်းညှိခြင်း၊ ၄-၁၀-၂၀၂၅ ရက်နေ့မှစ၍ MSMEs ပြခန်း (၃၆)ခန်း၊ အရောင်းဆိုင်ခန်း (၇၀)ဖြင့် ဒေသထွက် MSMEs ထုတ်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချခြင်းတို့အားပြုလုပ်ခဲ့ပါသည်။

ထို့အပြင် တန်ဆောင်တိုင်ပွဲတော်ကာလတွင်လည်း ကမ်းနားလမ်းတစ်လျှောက်မီးရောင်စုံများထွန်းညှိခြင်း၊ မီးမျှောပွဲနှင့်မီးပုံးပျံလွှတ်တင်ခြင်းများပြုလုပ်ခြင်း၊ တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ ရပ်ကွက်များ စားသောက်ဆိုင်များနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ စတုဒိသာကျွေးမွေးခြင်း၊ နိုင်ငံကျော်အဆိုတော်များမှ စတိတ်ရှိုးဖြင့် ဖျော်ဖြေခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပြည်တွင်းခရီးသွားများ၊ဒေသခံများဖြင့် အထူးစည်ကားခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများဖွင့်လှစ်မှု**

ငွေဆောင်၊ ချောင်းသာဟိုတယ်ဇုန်များ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းရှိဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်မားရေး၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဟိုတယ်များမှပြီးပြည့်စုံသောဝန်ဆောင်မှုများပေးနိုင်ရေးအတွက်ရည်ရွယ်၍ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဟိုတယ်ပိုင်းဆိုင်ရာလျှပ်စစ်ကျွမ်းကျင်သင်တန်းကိုငွေဆောင်ကမ်းခြေတွင်သင်တန်းသား(၃၁)ဦးဖြင့်(၄-၈-၂၀၂၅ရက်နေ့မှ၂၉-၈-၂၀၂၅ရက်နေ့အထိ)လည်းကောင်း၊ချောင်းသာကမ်းခြေတွင် သင်တန်းသား (၂၆)ဦးဖြင့် (၁-၉-၂၀၂၅ ရက်နေ့မှ၂၆-၉-၂၀၂၅ ရက်နေ့အထိ)လည်းကောင်း၊အင်္ဂလိပ်ဘာသာစကား (အခြေခံ) သင်တန်းကိုငွေဆောင်ကမ်းခြေတွင်သင်တန်းသား/သူ(၂၈)ဦးဖြင့်(၁၃-၁၀-၂၀၂၅ ရက်နေ့မှ ၇-၁၁-၂၀၂၅ ရက်နေ့အထိ) လည်းကောင်း၊ ချောင်းသာကမ်းခြေတွင် သင်တန်းသား/ သူ (၂၉) ဦးဖြင့် (၂၇-၁၀-၂၀၂၅ရက်နေ့မှ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ)လည်းကောင်းဖွင့်လှစ်ခဲ့ပါသည်။

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲ ကျင်းပခြင်း**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲကို အမှတ် (၇) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ (၄.၈.၂၀၂၅) ရက်နေ့တွင် ငွေဆောင်မြို့၊ ယမုံနာဦးဟိုတယ်၌ တက်ရောက်သူ (၁၀၀) ဦးဖြင့်လည်းကောင်း၊ (၂၇.၉.၂၀၂၅) ရက်နေ့တွင် ချောင်းသာမြို့၊ အဇူရာဟိုတယ်၌ တက်ရောက်သူ (၈၇)ဦးဖြင့်လည်းကောင်း ဟောပြောပို့ချခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



**အရေးပေါ်အခြေအနေတုံ့ပြန်ခြင်းသင်တန်းများဖွင့်လှစ်ခဲ့မှု**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ချောင်းသာ/ ငွေဆောင်ဇုန်) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးစဉ်ဒေသများတွင် အရေးပေါ်အခြေအနေများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုထိထိရောက်ရောက် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်၍ အသင့်ပြင်ဆင်ထားရန်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ ဝန်ထမ်းများအား လေ့ကျင့်ပေးနိုင်ရန် အရေးပေါ်အခြေအနေတုံ့ပြန်ခြင်း သင်တန်းကို ငွေဆောင်ကမ်းခြေတွင် သင်တန်းသား (၃၄)ဦးဖြင့် (၂၈ - ၁၀-၂၀၂၅ ရက်နေ့မှ ၇-၁၁-၂၀၂၅ ရက်နေ့အထိ) လည်းကောင်း၊ ချောင်းသာကမ်းခြေတွင် သင်တန်းသား (၂၈)ဦးဖြင့် (၂၈-၁၀-၂၀၂၅ ရက် နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ) လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး

**တနင်္သာရီတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်**




တနင်္သာရီတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၅/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၄-၁၁-၂၀၂၅) ရက်နေ့၊ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ ကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုမှ တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးမှ ယခင်ပြုလုပ်ခဲ့သည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၏လမ်းညွှန်ချက်များအပေါ်သက်ဆိုင်ရာခရိုင်အဆင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များနှင့်ပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့မှု

အခြေအနေများနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်နေရာများ ရေရှည်တည်တံ့ရေးအတွက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊လုပ်ငန်းရှင်များအားလုံးကနေပြီး ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားပါသည်။

ဆက်လက်ပြီး ကော်မတီအတွင်းရေးမှူးဖြစ်သူ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံညွှန်ကြားရေးမှူး ဦးရဲအောင်မိုး မှ ယခင်ကပြုလုပ်ခဲ့သည့် ကော်မတီအစည်းအဝေး (၄/၂၀၂၅) ဆုံးဖြတ်ချက် များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကော်မတီမှ ဆုံးဖြတ်ပေး ရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြပါသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာ ကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပုဂ္ဂလိက ကဏ္ဍအလိုက် ကိုယ်စားလှယ်အဖွဲ့ဝင်များမှ တနင်္သာရီတိုင်းအတွင်း ဟိုတယ် နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအလိုက်စနစ်တကျဖြင့်ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေး အတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အခြေအနေများအားရှင်းလင်းတင်ပြခြင်း နှင့်ကော်မတီမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်သည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြ ပါသည်။

အစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင်အသစ်(၁)ခုကို စိစစ်ခွင့်ပြု ပေးခဲ့ပြီးဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်များ၊ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်များ၊ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များ၏ ပုံမှန် သက်တမ်းတိုးခြင်းဆိုင်ရာကိစ္စရပ်များအပေါ် အတည်ပြုပေး နိုင်ခဲ့ပါသည်။

၎င်းနောက်ကော်မတီဥက္ကဋ္ဌ၊တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်မှနိဂုံး ချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုတ်သိမ်းခဲ့ကြောင်း နှင့်အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်(၁၂)ဦး ပါဝင်တက်ရောက် ခဲ့ကြကြောင်းသတင်းရရှိပါသည်။

## ကယားပြည်နယ်



ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ကယားပြည်နယ်ရုံးအစည်းအဝေး ခန်းမတွင်ဟိုတယ်/တည်းခိုရိပ်သာနှင့်တည်းခိုခန်းများရှိဝန်ထမ်း(၁၅)ဦးအား ဧည့်စာရင်းတိုင်ကြားမှု၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာ များ၊လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စရပ်များ အသိပညာ ပေးဟောပြောဆွေးနွေးပွဲအား(၃၀-၉-၂၀၂၅)ရက်နေ့တွင်ကျင်းပဆောင်ရွက် ခဲ့ပါသည်။

## ရှမ်းပြည်နယ်

**ရှမ်းပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဆောင်ရွက်လျက်ရှိ**



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေတို့ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဖြစ်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွင့်လှစ် ပို့ချ ပေးလျက်ရှိပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့တွင် ဟိုတယ်နှင့်တည်းခိုရိပ် သာများမှ လုံခြုံရေးဝန်ထမ်းများအတွက် ကိုယ်ခံပညာတစ်ရပ်ဖြစ်သည့် မြန်မာ့ရိုးရာသိုင်းသင်တန်းအား (၃၀-၁၀-၂၀၂၅)ရက်နေ့မှ (၂၈-၁၁-၂၀၂၅) ရက်နေ့အထိ သင်တန်းသား(၂၅)ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင်ဟိုတယ်ပိုင်းဆိုင်ရာလျှပ်စစ် ကျွမ်းကျင်(M&E)သင်တန်းအား (၁၀-၁၁-၂၀၂၅)ရက်နေ့မှ (၂၈-၁၁-၂၀၂၅) ရက်နေ့အထိ သင်တန်းသား(၅၀)ဦးဖြင့် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။

Myanmar
Be enchanted